# အကြောင်းအရာအကျဉ်းချုပ်

## မြေယာအခွင့်အရေးများ ပြန်လည်ရရှိရေး – မြန်မာနိုင်ငံတွင် ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့် အသိအမှတ်ပြုရေးဆီသို့ ဦးတည်သောလမ်းကြောင်းများ

Christian Erni နှင့် Antoine Deligne

အောက်တိုဘာလ၊ ၂၀၂၂ ခုနှစ်



## အသိအမှတ်ပြုခြင်း

ဤအကျဉ်းချုပ်သည် အောက်ဖော်ပြပါအကြောင်းအရာအလိုက် လေ့လာဆန်းစစ်မှုမူရင်းကို အနှစ်ချုပ်ဖော်ပြထားခြင်း ဖြစ်ပါသည် –

Erni, C. & Deligne, A. (2022). *Restoring land rights: Pathways towards the recognition of customary tenure in Myanmar.* Thematic Study No.13. Yangon: Promotion of Indigenous and Nature Together and Mekong Region Land Governance.

အဆိုပါအကြောင်းအရာအလိုက် လေ့လာဆန်းစစ်မှုကို ဤတွင်ရရှိနိုင်ပါသည် - https://www.mrlg.org/publications/restoring-land-rights-pathways-for-the-recognition-of-customary-tenure-in-Myanmar/

ဖတ်ရှုလေ့လာသုံးသပ်ပေးခဲ့သူများနှင့် ကျွမ်းကျင်ပညာရှင်များအား ၎င်းတို့၏အဖိုးမဖြတ်နိုင်သည့် အကြံပြုဆွေးနွေးချက်များအတွက် ရေးသားပြုစုသူများက ကျေးဇူးတင်ရှိပါသည်။ မြန်မာနိုင်ငံနှင့် MRLG ၏ မိတ်ဖက်အဖွဲ့အစည်းများသည် စိန်ခေါ်မှုအခက်အခဲများစွာ ကြုံနေရသည့်တိုင် ဤအကြောင်းအရာအလိုက် လေ့လာဆန်းစစ်မှုကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခဲ့မှုနှင့် အဆိုပါဆန်းစစ်မှုကို အားဖြည့်ကူညီပေးသည့် Alliance အဖွဲ့ဝင်များ၏ ပါဝင်ဆွေးနွေးမှုများသည် မြန်မာနိုင်ငံတွင် အများပါဝင်သည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေးအတွက် ၎င်းတို့အနေဖြင့် ထဲထဲဝင်ဝင် စိတ်ဝင်တစားပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သက်သေပင်ဖြစ်ပါသည်။

**ဖတ်ရှုသုံးသပ်ပေးခဲ့သူများ**

Ke Jung, Naw Ei Ei Min, Natalie Y. Campbell, Paul De Wit, Jonathan Liljeblad, Peter Swift, Céline Allaverdian, Frankie Abreu and Maung Maung Than

**ဖတ်ရှု၍အမှားပြင်ဆင်ပေးသူ** - T.A. Garraghan

**အပြင်အဆင်နှင့်ဒီဇိုင်း** - Win Myat Thu, Watcharapol Isarangkul Na Ayuthaya

**ဓာတ်ပုံမှတ်တမ်း** - KMSS, POINT, RECOFTC, Natalie Y. Campbell, Antoine Deligne and Christian Erni

## ကိုးကားရန်အကြံပြုချက်

Erni, C. & Deligne, A. (2022). *Restoring land rights: Pathways for the recognition of customary tenure in Myanmar.* Thematic Brief No.12. Yangon: Promotion of Indigenous and Nature Together and Mekong Region Land Governance.

Creative Commons Attribution-NonCommercial-ShareAlike 4.0 International License

## တာဝန်မရှိကြောင်းငြင်းဆိုချက်

ဤရေးသားထုတ်ဝေမှုတွင် ပါရှိသည့်အမြင်များ၊ အယူအဆများနှင့် အဓိပ္ပါယ်ဖွင့်ဆိုမှုများသည် ရေးသားပြုစုသူများနှင့် အားဖြည့်ပါဝင်သူတို့ထံမှ ဖြစ်ပါသည်။ ၎င်းတို့သည် *SDC*၊ ဂျာမနီနှင့် လူဇင်ဘတ်နိုင်ငံမှ အရာရှိများ၏ တရားဝင်/တရားမဝင်ထင်မြင်ယူဆချက်များ သို့မဟုတ် ရည်တည်ချက်များကို ကိုယ်စားမပြုပါ။

မျက်နှာဖုံးပုံ– ပဲခူးရိုးမ ရွှေတောင်ငွေတောင်တောမှ မျှစ်ချိုးနေသော စကောကရင်လူမျိုးများ (ဓာတ်ပုံ – စောအယ်ခူဒါး၊ ပိုင်ငှ် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)

# မာတိကာ


အသိအမှတ်ပြုခြင်း........................................ ၂

အတိုကောက်စကားလုံးများ........................................ ၃

မိတ်ဆက်........................................ ၄

ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်ကို ဥပဒေအရ အသိအမှတ်ပြုခြင်းနှင့်
အကာအကွယ်ပေးခြင်းအတွက် လုပ်ငန်းစဉ်များ........................................ ၆

၁။ အမျိုးအစားကွဲပြားစုံလင်လှသည့်ဓလေ့ထုံးတမ်းစနစ်များကိုနားလည်ခြင်း ........................................၆

၂။ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ကို ဥပဒေအရအသိအမှတ်ပြုရန်နည်းလမ်းများ........................................ ၇

နည်းလမ်း ၁ – ခြုံငုံအသိအမှတ်ပြုခြင်းနှင့် FPICအခွင့်အရေး........................................ ၇

နည်းလမ်း ၂ – ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ဇုန်များ........................................၁၀

နည်းလမ်း ၃ – ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များကဓလေ့ထုံးတမ်းဆိုင်ရာစီမံအုပ်ချုပ်ခြင်း........................................၁၁

နည်းလမ်း ၄ – နယ်နိမိတ်များအတွင်းမြေယာအခွင့်အရေးအသိအမှတ်ပြုမှုဆိုင်ရာ တရားဝင်လက်မှတ် ထုတ်ပေးခြင်း........ ၁၂

နည်းလမ်း ၅ – မြေကွက်များအတွက်လုပ်ပိုင်ခွင့်လက်မှတ်များ........................................၁၄

နည်းလမ်း ၆ – ပူးတွဲစီမံခန့်ခွဲရေးဆိုင်ရာစာချုပ်များ........................................ ၁၅

အကောင်းဆုံးနည်းလမ်းအမျိုးအစားများမှသည် ခိုင်မာသည့်အဖြေရှာဆောင်ရွက်မှုများဆီသို့........................................ ၁၇

နိဂုံး........................................၂၁

ကျမ်းကိုးစာရင်း........................................၂၃


---

# အတိုကောက်စကားလုံးများ

| | |
|---|---|
| FPIC | လွတ်လပ်သောကြိုတင်အသိပေးတိုင်ပင်မှုနှင့်လူထုသဘောထားရယူခြင်း |
| IDP | ပြည်တွင်းနေရပ်စွန့်ခွာသူ |
| ILO | အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ |
| MRLG | မဲခေါင်ဒေသမြေယာအုပ်ချုပ်မှုစီမံကိန်း |
| POINT | ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ |
| REDD+ | သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းအစီအစဉ် |
| UNDRIP | ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း |
| VFV land | မြေလွတ်၊မြေလပ်နှင့်မြေရိုင်း |

# မိတ်ဆက်

## ဤလေ့လာဆန်းစစ်မှု၏ နောက်ခံအကြောင်းအရာများနှင့် ရည်ရွယ်ချက်

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် ဓလေ့ထုံးတမ်းမြေယာ လုပ်ပိုင်ခွင့်ကို မူဝါဒနှင့် လက်တွေ့ပိုင်းတွင် မည်သို့ အသိအမှတ်ပြုကာကွယ်နိုင်မည်နည်းဟူ၍ ဆွေးနွေးနေကြသည့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်လိုသူများအား ကူညီနိုင်ရန် ရည်ရွယ်ပါသည်။

၂၀၁၆ ခုနှစ်အစောပိုင်းတွင် မြန်မာနိုင်ငံအစိုးရက အမျိုးသားမြေအသုံးချမှုမူဝါဒကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ မူဝါဒတွင် တစ်နိုင်ငံလုံးလွှမ်းခြုံမှုရှိသည့် အမျိုးသားမြေဥပဒေကို ရေးသားရန် ရည်ရွယ်ချက်ပါရှိပြီး "ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်များကို တရားဝင်အသိအမှတ်ပြုရန်၊ အဆိုပါအခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် တည်ရှိနှင့်ပြီးဖြစ်သော ဘက်မလိုက်သည့် အငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များ"ကို အခိုင်အမာတည်ရှိလာစေရန် ဖြစ်သည်(အပိုင်း ၈ – တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးပြုမှုဆိုင်ရာအခွင့်အရေးများ)။ ထို့နောက် မြန်မာအစိုးရသည် အမျိုးသားမြေဥပဒေမူကြမ်းရေးသားပြုစုရန် အမျိုးသားမြေအသုံးချမှုကောင်စီကို တာဝန်ပေးအပ်ခဲ့သည်။ အဆိုပါလုပ်ငန်းစဉ်သည် ကနဦးအဆင့်တွင်သာရှိသေးပြီး ၂၀၂၁ တွင် ရပ်တန့်သွားခဲ့ရသည်။ ထိုလုပ်ငန်းစဉ်ကို မကြာမီပြန်လည်စတင်နိုင်ရေးနှင့် မည်သည့်နိုင်ငံရေးအခင်းအကျင်းတွင် ပြန်လည်စတင်နိုင်မည်နည်းဆိုသည်မှာ မသေချာမရေရာဖြစ်နေဆဲပင် ဖြစ်သည်။

MRLG သည် မြန်မာနိုင်ငံတွင် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့် အသိအမှတ်ပြုရေးရည်သန်၍ Alliance (မဟာမိတ်) တစ်ရပ်ကို ၂၀၁၈ တွင် ဖွဲ့စည်းခဲ့ပါသည်။ Alliance တွင် အရပ်ဖက်အဖွဲ့အစည်း ၁၀ ဖွဲ့ပါဝင်ပြီး ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့် အသိအမှတ်ပြုရေးအတွက် အမျိုးမျိုးသောဥပဒေနည်းလမ်းများကို ဖော်ထုတ်သတ်မှတ်ကာ အမျိုးသားမြေဥပဒေမူကြမ်း ရေးသားပြုစုရေးကို အကူအညီပေးရန် ဖြစ်ပါသည်။ ယခုအချိန်တွင် ထိုဥပဒေမူကြမ်းပြုစုနိုင်ရေးကို ပါဝင်အားဖြည့်ရန် မဖြစ်နိုင်တော့သော်လည်း အနာဂတ်တွင် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်များကို မည်သို့အသိအမှတ်ပြု ကာကွယ်နိုင်မည်နည်းဟူ၍ မူဝါဒရေးဆွဲချမှတ်သူများက အဓိကမေးခွန်းများဖော်ထုတ်ဆွေးနွေးလာနိုင်ရန်အတွက် အကူအညီပေးနိုင်ရန် ဤအစီရင်ခံစာက ယေဘုယျအားဖြင့်ရည်ရွယ်သည်။ ကျေးလက်လူထု၊ တိုင်းရင်းသားလူမျိုးစုများနှင့် ဌာနေတိုင်းရင်းသားတို့၏ ဆန္ဒနှင့်မျှော်မှန်းချက်များကို တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ ဤအစီရင်ခံစာသည် ရေးသားပြုစုသူများ၏ တင်ပြချက်များနှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် Alliance အဖွဲ့ဝင်များ၏ နောက်ဆက်တွဲအကြံပြုချက်များပါဝင်သည့် ထပ်ခါတလဲလဲလုပ်ဆောင်မှု၏ ရလဒ်ဖြစ်ပါသည်။


ကယားပြည်နယ်တွင် ရွာသစ်တစ်ရွာ မတည်ထောင်မီ မြေယာနတ်များကို ကိုးကွယ်ဆည်းကပ်ခြင်းအခမ်းအနား (ဓာတ်ပုံ– အယ်လီနား၊ KMSS)

## ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်ဆိုသည်မှာ အဘယ်နည်း

"မြေယာလုပ်ပိုင်ခွင့်" ဆိုသည်မှာ မြေနှင့်သဘာဝသယံဇာတအရင်းအမြစ်များကို ပြည်သူများ မည်သို့ရရှိနိုင်သည်ကို ရည်ညွှန်းပါသည်။ ကျေးလက်နေပြည်သူများသည် မြေယာလုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည့်လုပ်ပိုင်ခွင့် (နိုင်ငံတော်မှ ဥပဒေဖြင့်ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့်များ) အနေဖြင့်လည်းကောင်း၊ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့် (ဓလေ့ထုံးစံများအရ သတ်မှတ်ကျင့်သုံးသည့် လုပ်ပိုင်ခွင့်များ) အနေဖြင့်လည်းကောင်း ရရှိကြသည်။ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ဆိုသည်မှာ မြေယာနှင့် အခြားအရင်းအမြစ်များကို မည်ကဲ့သို့အသုံးပြုပြီး မျှဝေသုံးစွဲသည်ကို ဆုံးဖြတ်သည့် ရပ်ရွာအခြေပြုအခွင့်အရေးများ၊ စည်းမျဉ်းများ၊ အဖွဲ့အစည်းများနှင့် အလေ့အကျင့်များကို ရည်ညွှန်းသည်။ ဤနည်းစနစ်တွင် အောက်ဖော်ပြပါအချက်အချို့လည်း ပါဝင်နိုင်ပါသည် –

- အချိန်ကာလ ကြာမြင့်လာသည့်အလျောက် ရရှိလာသည့် ရေရှည်လူမှုဆိုင်ရာတရားဝင်ဖြစ်မှု
- အကြောင်းအရာသစ်များနှင့် လိုက်လျောညီထွေဖြစ်မှုနှင့် တိုးတက်ပြောင်းလဲနိုင်မှု
- လူတို့၏ ဝိသေသလက္ခဏာ၊ လူမှုအဖွဲ့အစည်း၊ ယဉ်ကျေးမှု၊ တန်ဖိုးများနှင့် ထဲထဲဝင်ဝင်ချိတ်ဆက်မှု
- မိမိမြေပေါ်တွင်နေထိုင်ကြသောပြည်သူများ၏ ကိုယ်ပိုင်အုပ်ချုပ်မှု
- မြေနှင့်သက်ဆိုင်သည့်အရင်းအမြစ်များအားလုံးပါဝင်မှု (ရေ၊ မြစ်ချောင်းများ၊ သစ်တော၊ တောရိုင်း တိရစ္ဆာန် အစရှိသဖြင့်)
- 'စုဖွဲ့ဖြစ်တည်နေသော အခွင့်အရေးများ' ၏ သဘောတရား – ရင်းမြစ်များကို ရယူသုံးစွဲနိုင်ခွင့်နှင့် ထုတ်ယူခွင့်၊ အသုံးမပြုရန် တားဆီးပိုင်ခွင့်၊ စီမံခန့်ခွဲမှုနှင့် ထိန်းချုပ်ပိုင်ခွင့်၊ မြေနှင့်သယံဇာတများကို လွှဲပြောင်းခွင့်နှင့် ရောင်းချခွင့်

## ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ကို အဘယ်ကြောင့် အကာအကွယ်ပေးဖို့ လိုအပ်ပါသနည်း

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများတွင် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်များကို လက်ရှိအချိန်အထိ အသိအမှတ်ပြုမှုနှင့် အကာအကွယ်ပေးမှု မရှိသေးပါ။ တိုင်းရင်းသားလူမျိုးစုများနှင့် ဌာနေတိုင်းရင်းသားများသည် အဆိုပါအခွင့်အရေးများ ရရှိနိုင်ရေး တောင်းဆိုလာခဲ့ကြသည်မှာ အချိန်ကာလ ကြာမြင့်လှပြီဖြစ်ပါသည်။ ယခုအခါ ထိုတောင်းဆိုမှုများကို အပြည်ပြည်ဆိုင်ရာဥပဒေကြေညာစာတမ်းများတွင် များစွာရည်ညွှန်းကိုးကားလာကြပြီဖြစ်သည်။ ဥပမာအားဖြင့် ဌာနေတိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ၏ကြေညာစာတမ်း (UNDRIP) ဖြစ်ပါသည်။

ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်အောက်တွင် အကျုံးဝင်သည့် တည်ရှိနှင့်ပြီးဖြစ်သော အခွင့်အရေးများကို ဖိအားပေးခြိမ်းခြောက်လာနေသည့် ပြဿနာရပ်များ ရှိနေပါသည်။ ၎င်းတို့တွင် – တရားဝင်သို့မဟုတ် တရားမဝင် မြေယာဈေးကွက် ပေါ်ပေါက်လာခြင်း၊ ယခင်က စုပေါင်းဆောင်ရွက်သည့် ဓလေ့ထုံးတမ်းစီမံခန့်ခွဲမှုအောက်ရှိ မြေများနှင့် ရင်းမြစ်များအား တစ်ဦးတည်းပိုင်ဖြစ်အောင်ပြုခြင်းနှင့် ပုဂ္ဂလိကလုပ်ပိုင်ခွင့်ပြုခြင်းကို ဦးတည်နေသည့် လမ်းကြောင်း၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကဏ္ဍအကျိုးစီးပွားအတွက် မြေယာသိမ်းဆည်းခြင်း စသည်တို့လည်း အပါအဝင်ဖြစ်ပါသည်။ ဤသို့လုံခြုံမှုမရှိခြင်းသည် ပဋိပက္ခများ၏ အရေးပါသည့်ဇစ်မြစ်တစ်ခုဖြစ်သည်။ သို့သော် တစ်ပြိုင်နက်တည်းတွင်လည်း ဆင်းရဲမွဲတေမှုလျှော့ချရေး[၁]၊ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆိုးကျိုးများ လျော့ပါးသက်သာစေရေး[၂]တို့အတွက် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်နည်းစနစ်များသည် အရေးပါသည့်အရာတစ်ခုဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုမှုများရှိလာနေပြီဖြစ်သည်။

---

၁ Wily (2012).

၂ See various publications on land rights, conservation and climate change by the Rights and Resources Initiative https://rightsandresources.org/climateandconservation.

# ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်ကို ဥပဒေအရ အသိအမှတ်ပြုခြင်းနှင့် အကာအကွယ်ပေးခြင်းအတွက် လုပ်ငန်းစဉ်များ

## ၁။ အမျိုးအစားကွဲပြားစုံလင်လှသည့် ဓလေ့ထုံးတမ်းနည်းစနစ်များကိုနားလည်ခြင်း

မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့် အချို့ တည်ရှိနေပြီး အမျိုးအစားစုံလင် ကွဲပြားလှသည်ကို တွေ့ရသည်။ ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့် အသိအမှတ်ပြုခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ မည်သည့်မူဝါဒ ရေးဆွဲဆောင်ရွက်ချက်မဆို ထိုသို့ အမျိုးအစားစုံလင်ကွဲပြားနေမှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ဒေသတစ်ခုတွင် အဆင်ပြေသည့်နည်းလမ်းသည် အခြားဒေသများအတွက်လည်း အဆင်ပြေလိမ့်မည်ဟု တစ်ထစ်ချယူဆချက်သည် လက်တွေ့ကျမှန်ကန်ခြင်းမရှိပါ။ ကွဲပြားစုံလင်လှသည့် ဓလေ့ထုံးတမ်းနည်းစနစ်များကို အသိအမှတ်ပြုရန်အတွက် အောက်ဖော်ပြပါအချက်အလက်များကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းအသွယ်သွယ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါသည် –

### ဓလေ့ထုံးတမ်းစီမံအုပ်ချုပ်မှုနည်းစနစ်ကို အသိအမှတ်ပြုခြင်း

နိုင်ငံတော်သည် ၎င်း၏ဥပဒေအရအုပ်ချုပ်မှုစနစ်အတွင်း တရားဝင်တောင်းဆိုမှုများအတွက် ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်ကို အခြေခံအဖြစ် အသိအမှတ်ပြုနိုင်သည် သို့မဟုတ် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်ကို ကိုယ်ပိုင်အခွင့်အရေးအရ လွတ်လပ်သော စီမံအုပ်ချုပ်ရေးစနစ်တစ်ခုအဖြစ် အသိအမှတ်ပြုနိုင်သည်။ ပထမနည်းလမ်းတွင် စီမံအုပ်ချုပ်မှု စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်အားလုံးကို နိုင်ငံတော်ကသာ ပြုလုပ်မည်ဖြစ်သည်။ ဒုတိယနည်းလမ်းတွင်မူ ဓလေ့ထုံးတမ်းစီမံအုပ်ချုပ်မှုစနစ် တည်ရှိမည်ဖြစ်ပြီး ကိုယ်ပိုင်စီမံအုပ်ချုပ်နိုင်မည်ဖြစ်သည်။ ဓလေ့ထုံးတမ်းစီမံအုပ်ချုပ်မှုစနစ်အောက်ရှိ ဒေသခံအဖွဲ့အစည်းများ/ဌာနများသည် တရားဝင်ဖြစ်ပြီး ကာလရှည်ကြာစွာအသုံးပြုရရှိလာသည့်လက်တွေ့အတွေ့အကြုံများဖြင့် ပုံဖော်ထားသည့် အလေ့အကျင့်များကို အသုံးပြုမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သည် ဒုတိယနည်းလမ်းအတွက် ပြင်ပမှ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းမပြုဘဲ တည်ရှိပြီး စီမံအုပ်ချုပ်မှုနည်းစနစ်များကိုသာ ဖြစ်နိုင်သမျှ အသိအမှတ်ပြုပေးသင့်ပါသည်။

### တစ်စိတ်တစ်ပိုင်း သို့မဟုတ် အပြည့်အဝစနစ်များ

“အပြည့်အဝ ဓလေ့ထုံးတမ်းနည်းစနစ်များ”[၇] ဆိုသည်မှာ ရပ်ရွာလူထုသည် ၎င်းတို့၏ ဓလေ့ထုံးတမ်း စည်းမျဉ်းစည်းကမ်းများကို ၎င်းတို့၏ကိုယ်ပိုင်အစိုးရအဖွဲ့အစည်း/ဌာနများမှတစ်ဆင့် အကောင်အထည်ဖော် ကျင့်သုံးခွင့်ရရှိသည်ဟု ဆိုလိုပြီး “တစ်စိတ်တစ်ပိုင်း ဓလေ့ထုံးတမ်းစနစ်များ” ဆိုသည်မှာ ဓလေ့ထုံးတမ်းအစီအစဉ်များသာမက နိုင်ငံတော်မြေမှတ်ပုံတင်ခြင်းကိုလည်း ဆောင်ရွက်ခြင်းဟုဆိုလိုပါသည်ဟူ၍ စနစ်နှစ်ခု၏ကွဲပြားမှုကို အဆိုပြုတင်ပြကြသည်။ တစ်စိတ်တစ်ပိုင်းစနစ်များတွင် ဓလေ့ထုံးတမ်းဆိုင်ရာအဖွဲ့အစည်းများ/ဌာနများသည် ယေဘုယျအားဖြင့် ပိုမိုအားနည်းလေ့ရှိပြီး မြေနှင့်သယံဇာတရင်းမြစ်များ၏ အစိတ်အပိုင်းအချို့ကိုသာ စီမံခွင့်ရရှိကြသည်။

### ရင်းမြစ်များစုံလင်ကွဲပြားမှုနှင့် စီမံအုပ်ချုပ်နိုင်သည့် အတိုင်းအတာနယ်ပယ်

ဓလေ့ထုံးတမ်းစနစ်ဖြင့် စီမံအုပ်ချုပ်နိုင်သည့် မြေနှင့်ရင်းမြစ်များတွင် သတ်မှတ်နယ်မြေတစ်ခုအတွင်းရှိ မြေအမျိုးအစားအားလုံးနှင့် ရင်းမြစ်များပါဝင်နိုင်သည် သို့မဟုတ် သတ်မှတ်မြေဧရိယာ(မြေကွက်)နှင့် သတ်မှတ်မြေအမျိုး အစားများသာပါဝင်နိုင်သည် – ဥပမာ သစ်တောမြေနှင့်စားကျက်မြေ။ မြေတွင် တစ်ခါသုံးမြေကွက်၊ ရင်းမြစ်တစ်ခုတည်းသာရှိသော မြေကွက်များ၊ ရည်ရွယ်ချက်မျိုးစုံဖြင့် အသုံးပြုသည့်မြေကွက်များ သို့မဟုတ် ရပ်ရွာလူထုတစ်ခု သို့မဟုတ် ရပ်ရွာလူထုများကစီမံခန့်ခွဲသည့် မြေဧရိယာတစ်ခုလုံး ပါဝင်နိုင်ပါသည်။

### အခွင့်အရေးပိုင်ဆိုင်သူများ

ဓလေ့ထုံးတမ်းစီမံအုပ်ချုပ်မှုစနစ်ကို အသိအမှတ်ပြုခြင်းသည် အစုအဖွဲ့တစ်ခုကို အဓိကအခွင့်အရေးပိုင်ဆိုင်သူအဖြစ် သတ်မှတ်လိမ့်မည်ဟု ဆိုလိုခြင်းပင်ဖြစ်ပါသည်။ အဆိုပါအစုအဖွဲ့သည် ကျေးရွာတစ်ရွာမှ မြေအသုံးပြုသူ အုပ်စုငယ်လေးတစ်စု သို့မဟုတ် ရပ်ရွာလူထုများ သို့မဟုတ် တိုင်းရင်းသားလူမျိုးစုတစ်ခုလုံး ဖြစ်နေနိုင်သည်။ အခွင့်အရေးပိုင်ဆိုင်သူအစုအဖွဲ့၏ လူအင်အားကြီးထွားလာသည်နှင့်အမျှ ၎င်းတို့၏အုပ်ချုပ်မှုအောက်တွင်ရှိသည့် လူမျိုးစုငယ်များ သို့မဟုတ် လူတစ်ဦးချင်း၏အခွင့်အရေးများကို ၎င်းတို့အနေဖြင့် မည်သို့အသိအမှတ်ပြုပေးမည်၊ မည်သို့ ခွဲဝေပေးမည်၊ မည်သို့စီမံခန့်ခွဲမည်ဟူသည့်အချက်များကလည်း ပို၍အရေးပါလာမည်ဖြစ်သည်။

၇ Erni (2021, pp. 40–41).

## စီမံအုပ်ချုပ်သည့်အဖွဲ့အစည်း

အားကောင်းသည့် ဓလေ့ထုံးတမ်းစီမံအုပ်ချုပ်မှုအဖွဲ့အစည်းများသည် ၎င်းတို့၏နယ်မြေအတွင်း စီရင်ပိုင်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ပြီး မြေယာနှင့်သယံဇာတရင်းမြစ်အားလုံးကို စီမံခန့်ခွဲရန် အခွင့်အာဏာအပြည့်ရှိသည်။ အကယ်၍ ဓလေ့ထုံးတမ်းဆိုင်ရာအဖွဲ့အစည်းများသည် ဖယ်ကျဉ်ခံရခြင်း သို့မဟုတ် စွမ်းဆောင်ရည်ပိုင်းတွင်အကန့်အသတ်ရှိနေခြင်း စသည်တို့ဖြစ်ပေါ်ပါက နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့အစည်း/ဌာနများအနေဖြင့် စီမံခန့်ခွဲမှုတာဝန်များကို အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ယူသွားနိုင်သည်။ အခြားနည်းလမ်းတစ်ရပ်အနေဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာအဖွဲ့အစည်းများအကြား နှစ်ဦးနှစ်ဖက် ပါဝင်သည့်အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းခြင်းလည်း ပြုနိုင်သည်။ ဤသို့ဖြင့် သက်ဆိုင်ရာအတွေ့အကြုံများနှင့် တရားဝင်မှုတို့မှတစ်ဆင့် မြေယာစီမံခန့်ခွဲမှုအတွက် အကျိုးရှိစေမည်ဖြစ်သည်။ သို့တည်းမဟုတ် အမှီအခိုကင်း လွတ်လပ်သည့်အဖွဲ့အစည်းတစ်ခုဖွဲ့စည်းနိုင်သည် သို့မဟုတ် တည်ရှိနှင့်ပြီးအဖွဲ့အစည်းတစ်ခု၏ စွမ်းဆောင်ရည် အားကောင်းလာစေရန်အတွက် အဖွဲ့အစည်းတည်ဆောက်ပုံနှင့် ပါဝင်သူများကို လိုအပ်သလို အပြောင်းအလဲ ပြုလုပ်နိုင်သည်။ ရပ်ရွာအများအပြားပါဝင်သည့်နယ်မြေကြီးများအတွက်မူ ဥပဒေသည် ထိုနယ်မြေအတွက် စုပေါင်းအခွင့်အရေး ပိုင်ဆိုင်သူများကို တရားဝင်ပါဝင်စေရသည့် အဖွဲ့အစည်းအသစ်များကိုတည်ထောင်ပေးရန် လိုအပ်မည်ဖြစ်သည်။

## အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်များ

အခွင့်အရေးများကို တရားဝင်အသိအမှတ်ပြုရာတွင် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်လိုအပ်ပြီး အမျိုးမျိုးသောရှုပ်ထွေးနက်နဲမှုများနှင့် ကုန်ကျစရိတ်များ ရှိနေနိုင်သည်။ အသိအမှတ်ပြုလုပ်ငန်းစဉ်တွင် နယ်နိမိတ်သတ်မှတ်ဖော်ပြခြင်း ရှိ / မရှိ၊ မြေပိုင်ဆိုင်ခွင့် သို့မဟုတ် မြေအသုံးပြုခွင့်လက်မှတ် ထုတ်ပေးခြင်း ရှိ/မရှိ၊ စီမံအုပ်ချုပ်မှုအဖွဲ့အစည်းအသစ် တည်ထောင်ခြင်း ရှိ/မရှိ စသည့်အချက်များအပေါ်မူတည်ပြီး ရှုပ်ထွေးနက်နဲမှုအတိုင်းအတာ ကွဲပြားနိုင်သည်။ ပိုမိုခိုင်မာအားကောင်းသည့် အကာအကွယ်ပေးမှုရရှိရန်အတွက် ရှုပ်ထွေးသည့်အသိအမှတ်ပြုလုပ်ငန်းစဉ်ကို ဆောင်ရွက်ရလိမ့်မည်ဟု ကြိုတင်မျှော်လင့်ထားရပေမည်။ သို့သော်လည်း ကုန်ကျစရိတ်များပြီး ရှုပ်ထွေးလှသည့် ရုံးပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် ဒေသခံရပ်ရွာလူထုအတွက် ပြဿနာအခက်အခဲဖြစ်စေနိုင်ပြီး ဥပဒေအရ အသိအမှတ်ပြုမှုဆိုင်ရာ အကျိုးကျေးဇူးများကို လက်တွေ့တွင် အနည်းငယ်သာရရှိမှုလည်း ဖြစ်သွားနိုင်သည်။

## ၂။ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ကို ဥပဒေအရအသိအမှတ်ပြုရန် နည်းလမ်းများ

အောက်တွင် ဖော်ပြထားသည့်နည်းလမ်း ၆ ခုကို အရိုးရှင်းဆုံးမှသည် ပိုမိုရှုပ်ထွေးသည့်နည်းလမ်းများ (အစိုးရအုပ်ချုပ်ရေး၏ပါဝင်ဆောင်ရွက်မှုပိုမိုများပြားသည်)ဟူ၍ အစဉ်အလိုက်အကျယ်တဝင့်ဖော်ပြထားခြင်း ဖြစ်သည်။ ဇယား ၁ တွင်မူ နည်းလမ်းတစ်ခုချင်း၏ အဓိကအချက်အလက်များကို ဖော်ပြထားပါသည်။

### နည်းလမ်း ၁ – ခြုံငုံအသိအမှတ်ပြုခြင်း (Blanket recognition) နှင့် လွတ်လပ်စွာကြိုတင်အသိပေး သဘောထားရယူခြင်း (FPIC) အခွင့်အရေး

ဤနည်းလမ်းသည် တရားဝင်မှတ်ပုံတင်မှုမရှိသေးသည့်မြေများအားလုံး၏ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များကို အကာအကွယ်ပေးသည်။ ဤနည်းလမ်းတွင် အခွင့်အရေးပိုင်ဆိုင်သူများကို ဖော်ထုတ်သတ်မှတ်ခြင်း၊ မှတ်ပုံတင်ခြင်း သို့မဟုတ် မြေနယ်နိမိတ်သတ်မှတ်ခြင်းတို့ပြုလုပ်ရန် မလိုအပ်ပါ။ မြေနှင့်သယံဇာတရင်းမြစ်များ စီမံအုပ်ချုပ် မှုကို ဓလေ့ထုံးတမ်းအဖွဲ့အစည်းများကသာ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတော်မှ ကြားဝင်ဆောင်ရွက်ခြင်းမရှိပေ။

ခြုံငုံအသိအမှတ်ပြုခြင်းနည်းလမ်းတွင် ရပ်ရွာလူထုသည် ၎င်းတို့၏ပိုင်ဆိုင်ခွင့်အခွင့်အရေးများကို သက်သေပြရန်မလိုပါ။ အကယ်၍ ပြင်ပမှလူများ (လူတစ်ဦးချင်း၊ ပုဂ္ဂလိကကုမ္ပဏီများ သို့မဟုတ် အစိုးရဌာနများ)သည် ဓလေ့ထုံးတမ်းစနစ်အောက်ရှိ မြေနှင့်သယံဇာတရင်းမြစ်များကို ရယူသုံးစွဲရန် ကြိုးပမ်းလာပါက ထိုပြင်ပမှလူများသည် ၎င်းတို့စီမံကိန်းများကြောင့် ရပ်ရွာလူထုအပေါ်သက်ရောက်လာနိုင်သည်များကို လေ့လာဆန်းစစ်ရန်နှင့် ရပ်ရွာလူထု၏သဘောတူညီချက်ကိုရယူရန် တာဝန်ရှိသည်။ ထိုနယ်မြေများတွင် ပြင်ပမှလူများအနေဖြင့် မည်သည့် ဆောင်ရွက်ချက်ပြုလုပ်လိုသည်ဖြစ်စေ ရပ်ရွာလူထုထံမှ (FPIC) မဖြစ်မနေ ရယူရမည်ဟု ဥပဒေတွင်ပြဋ္ဌာန်းထားရမည်ဖြစ်ပါသည်။ အစိုးရနှင့် အမှီအခိုကင်းလွတ်လပ်သည့် တတိယအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ကြီးကြပ်ကွပ်ကဲရေးကော်မတီက FPIC လုပ်ငန်းစဉ်ကို အကူအညီပေးခြင်းနှင့် လေ့လာစောင့်ကြည့်ခြင်းတို့ ပြုလုပ်မည်ဖြစ်သည်။

#### အားသာချက်များ နှင့် အားနည်းချက်များ

အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်များတွင် ရှုပ်ထွေးမှုအနည်းဆုံးမှာ ခြုံငုံအသိအမှတ်ပြုခြင်းနည်းလမ်းဖြစ်သည်။ ရပ်ရွာလူထုအပေါ်

ဇယား ၁ – ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့် အသိအမှတ်ပြုခြင်းဆိုင်ရာနည်းလမ်းများ၏ အဓိကအခြေခံမှုများနှင့် နှိုင်းယှဉ်ချက်များ

| နည်းလမ်း | အဓိကအခြေခံမှုများ | ဓလေ့ထုံးတမ်း စီမံအုပ်ချုပ်မှု စနစ်ကိုအသိ အမှတ်ပြုမှု | သင့်လျော်မှု | နယ်ပယ် | အခွင့်အရေးပိုင်ဆိုင်သူများ | စီမံအုပ်ချုပ်သည့်အဖွဲ့အစည်း | နိုင်ငံတော်က ကြားဝင် ဆောင်ရွက်မှု | လုပ်ငန်းစဉ် ရှုပ်ထွေးနက်နဲမှု | ဥပဒေအရ အကာအကွယ်ပေးမှု |
|---|---|---|---|---|---|---|---|---|---|
| ၁။ ခြုံငုံအသိ အမှတ်ပြုခြင်းနှင့် FPIC | မှတ်ပုံတင်ရန်မလို၊ FPIC လုပ်ငန်းစဉ်ကိုသာ အလေးထားဆောင်ရွက်ရန် | ရှိသည် | အပြည့်အဝ စနစ်များ | ပြင်ပလူများကြောင့် ထိခိုက်မှု/သက်ရောက်မှုရှိသည့် နယ်မြေများနှင့်ရင်းမြစ်များ | ရင်းမြစ်အသုံးပြုသူများနှင့် ထိခိုက်မှုကြုံရသူ အခွင့်အရေး ပိုင်ဆိုင်သူများအားလုံး | တည်ရှိနှင့်ပြီးဖြစ်သည့် ဓလေ့ ထုံးတမ်းဆိုင်ရာအဖွဲ့အစည်း (ရှိမည်ဆိုပါက) | အနည်းဆုံး | နည်းပါးသည် | နည်းပါးသည် |
| ၂။ ဓလေ့ထုံးတမ်း လုပ်ပိုင်ခွင့်ဇုန်များ | ဇုန်နယ်နိမိတ်သတ်မှတ် ခြင်း နှင့် ဇုန်အဆင့် ဓလေ့ထုံးတမ်း အဖွဲ့အစည်းကို အခြေခံအသိအမှတ်ပြုခြင်း | ရှိသည် | အပြည့်အဝစနစ်များ | သတ်မှတ်ထားသည့်နယ်မြေ/ ဇုန်အတွင်းရှိ ရင်းမြစ်များ အားလုံး | ရပ်ရွာလူထုများစွာ၊ တိုင်းရင်းသားလူမျိုးစုများ (ပေါင်းစုံ) | တည်ရှိနှင့်ပြီးဖြစ်သည့် သို့မဟုတ် အသစ်ဖွဲ့စည်း သည့် ဓလေ့ထုံးတမ်း အဖွဲ့အစည်း | အနည်းဆုံးမှ အလယ် အလတ်သို့ | အလယ်အလတ် | ကိုယ်ပိုင်အစိုးရကို ဥပဒေ အရ အသိအမှတ်ပြုပါက အလယ်အလတ်မှ မြင့်မားသည့်အဆင့် |
| ၃။ ကျေးရွာ အုပ်ချုပ် ရေးအဖွဲ့များက မြေယာ စီမံအုပ်ချုပ်ခြင်း | ကျေးရွာပိုင်းခြားသတ် မှတ်မှု အပေါ်အခြေပြု၍ ကျေးရွာ အဆင့် အာဏာရှိသူများအား မြေယာစီမံအုပ်ချုပ်ခွင့် ပေးအပ်ခြင်း | ကျေးရွာအဆင့် အာဏာရှိသူများ အပေါ်မူတည် သည် | အပြည့်အဝနှင့် တစ်စိတ်တစ်ပိုင်း စနစ်များ | ကျေးရွာအတွင်းရှိ နယ်မြေ အားလုံး သို့မဟုတ် ရည်ရွယ်ချက် ပေါင်းစုံဖြင့် အသုံးပြုသည့်မြေကွက်များ | ကျေးရွာလူထု | ဓလေ့ထုံးတမ်း အဖွဲ့အစည်း များ ပါသည်ဖြစ်စေ/ မပါသည် ဖြစ်စေ ဖွဲ့စည်းထားသည့် ကျေးရွာအုပ်ချုပ် ရေးအဖွဲ့ | အလယ် အလတ်မှ မြင့် မားသည့်အဆင့် | နည်းပါးသည် | အလယ်အလတ် |
| ၄။ နယ်နိမိတ်များ အတွင်း မြေယာ အခွင့်အရေးအသိ အမှတ်ပြုမှုဆိုင်ရာ တရားဝင်လက်မှတ် ထုတ်ပေးခြင်း (land titles) | စုပေါင်းအခွင့်အရေး ပိုင်ဆိုင်သူများ၏ ပူးပေါင်းမှု ရှိပါက အပြည့်အဝ အသိအမှတ်ပြုခြင်း လုပ်ငန်းစဉ် | ရှိသည် | အပြည့်အဝစနစ်များ | နယ်နိမိတ်တစ်ခုလုံးအတွင်းရှိ ရင်းမြစ်များအားလုံး | ကိုယ်တိုင်သတ်မှတ်ထားသည့် လူအစုအဖွဲ့(self-defined community)၊လူအစုအဖွဲ့များ သို့မဟုတ် တိုင်းရင်းသား လူမျိုးစုများ | အခွင့်အရေးပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ် အဖွဲ့ – ဓလေ့ထုံးတမ်းအဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်းအသစ် | နည်းပါးသည် (land titles ပေးအပ်ခြင်း လုပ်ငန်းစဉ် ကာလတွင် မြင့်မားသည်) | မြင့်မားသည် | ကုစားခွင့်ကို ကောင်းမွန်စွာ လက်လှမ်းမှီပါက မြင့်မားသည် |
| ၅။ မြေကွက်များ အတွက် လုပ်ပိုင်ခွင့် လက်မှတ် ထုတ်ပေးခြင်း | သတ်မှတ်သည့်အတိုင်း မြေအသုံးပြုရန်အတွက် လုပ်ပိုင်ခွင့် လက်မှတ်ပေးခြင်း | ရှိနိုင်သည်၊ သို့သော် အများအားဖြင့် ကန့်သတ်မှုများ ရှိနေနိုင်သည် | တစ်စိတ်တစ်ပိုင်း စနစ်များ | မြေအသုံးပြုမှု အမျိုးအစားတစ်ခုအတွက် မြေကွက်တစ်ခု သို့မဟုတ် မြေကွက်များ | ကျေးရွာလူထု သို့မဟုတ် သတ်မှတ်ထားသည့်အသုံးပြုသူ အစုအဖွဲ့ | ကျေးရွာကော်မတီ သို့မဟုတ် အသုံးပြုသူအစု အဖွဲ့ ကော်မတီ | အလယ် အလတ်မှ မြင့် မားသည့်အဆင့် | အလယ်အလတ်မှ မြင့်မားသည့် အဆင့် | အလယ်အလတ်မှ မြင့်မားသည့်အဆင့် |
| ၆။ ပူးတွဲ စီမံခန့်ခွဲရေး စာချုပ်များ | ရပ်ရွာလူထုနှင့် နိုင်ငံတော်အုပ်ချုပ်ရေး အဖွဲ့များအကြား စာချုပ် | နိုင်ငံတော် အုပ်ချုပ်ရေးအဖွဲ့ အပေါ်မူတည်ပြီး ကန့်သတ်ချက် ရှိပါသည် | အပြည့်အဝနှင့် တစ်စိတ်တစ်ပိုင်း စနစ်များ | နိုင်ငံတော်ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့အောက်ရှိ သတ်မှတ် နယ်မြေများနှင့်ရင်းမြစ်များ | သတ်မှတ်နယ်မြေအတွင်း နေထိုင်သူ ရပ်ရွာလူထု သို့မဟုတ် နယ်မြေသို့ လက်လှမ်းမှီနိုင်သူများ | နိုင်ငံတော်အုပ်ချုပ်ရေး အဖွဲ့က ကြီးကြပ်ကွပ်ကဲ သည့် စီမံခန့်ခွဲရေးကော်မတီ | မြင့်မားသည် | မြင့်မားသည် | နည်းပါးသည် |

လေးလံသည့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပြင်ပမှလူများကိုသာတာဝန်ယူခိုင်းခြင်းဖြစ်သည်။ မှတ်ပုံတင်ရန်မလိုအပ်သဖြင့် ထို့အတွက် ရင်းမြစ်များအသုံးပြုရန် မလိုအပ်ဘဲ အများပြည်သူနှင့်ပုဂ္ဂလိကဆောင်ရွက်ချက်များအကြား ပဋိပက္ခမဖြစ်အောင်ကြိုတင်တားဆီးရေးတွင်သာ ပြည်သူ့ရင်းမြစ်များနှင့်အားထုတ် ကြိုးပမ်းမှုများကို ရှင်းနီးမြှုပ်နှံနိုင်မည်ဖြစ်သည်။ ပိုမိုရှုပ်ထွေးသည့်အသိအမှတ်ပြုမှုပုံစံများအတွက် ဥပဒေမူဘောင်များ မချမှတ်နိုင်သေးမီကာလပတ်လုံး ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်စနစ်များအားလုံးကို ဤနည်းလမ်းက ယာယီအကာအကွယ်ပေးနိုင်မည်ဖြစ်သည်။ FPIC ဥပဒေတစ်ရပ်ရှိခြင်းသည် ဤနည်းလမ်း ၁ အတွက်သာမက အခြားနည်းလမ်းများဖြင့် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်အားလုံးကို အကောင်အထည်ဖော်ရေးနှင့်အကာအကွယ်ပေးရေးတို့တွင် အရေးပါအရာ ရောက်သည့် အင်အားတစ်ရပ် ဖြစ်စေမည်ဖြစ်သည်။

သို့သော် ပါဝါမညီမျှမှုကြောင့် ဓလေ့ထုံးတမ်းအဖွဲ့အစည်းများဖယ်ကျဉ်ခံရပါက သို့မဟုတ် ရပ်ရွာလူထုအတွင်း သို့မဟုတ် ရပ်ရွာလူထုတစ်ခုနှင့်တစ်ခု၏အကြားပဋိပက္ခများကို မဖြေရှင်းပေးနိုင်ပါက ဤနည်းလမ်းဖြင့် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ကို အကာအကွယ်ပေးနိုင်မှု နည်းပါးလာမည်ဖြစ်သည်။ ထို့အပြင် ဓလေ့ထုံးတမ်းနယ်မြေများအား ပိုင်းခြားသတ်မှတ်မှုမရှိခြင်းကြောင့် လုပ်ကွက်ငယ်/အသေးစားဆောင်ရွက်သူများနှင့် တရားမဝင်ဆောင်ရွက်မှုများ၏ ကျူးကျော်မှုများမှ ကာကွယ်ပေးနိုင်မှုမှာလည်း ဆက်လက်အားနည်းနေနိုင်ပါသည်။

## နည်းလမ်း ၂ – ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ဇုန်များ

ဓလေ့ထုံးတမ်းနယ်မြေများကို ပိုမိုအားကောင်းစွာ အကာအကွယ်ပေးနိုင်ရန်အတွက် အချို့သောရပ်ရွာများသည် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ဇုန်သတ်မှတ်ခြင်းမှတစ်ဆင့် နိုင်ငံတော်၏အသိအမှတ်ပြုမှု ပိုမိုရရှိလိုကြသည်။ ထိုဇုန်အတွင်းတွင် မြေနှင့်သယံဇာတရင်းမြစ်များအားလုံးကို ဓလေ့ထုံးတမ်းစနစ်အောက်တွင် ထားရှိပြီး ဓလေ့ထုံးတမ်း စီမံအုပ်ချုပ်မှုအဖွဲ့အစည်းများက စီမံခန့်ခွဲကြသည်။ နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏တာဝန်မှာ ဇုန်ပြင်ပနယ်နိမိတ်ကို သတ်မှတ်အကောင်အထည်ပေးရုံသာ ဖြစ်ပါသည်။

ဓလေ့ထုံးတမ်းစီမံအုပ်ချုပ်မှုအဖွဲ့အစည်းများသည် ဥပဒေဖြင့်အသိအမှတ်ပြုထားသည့် အဖွဲ့အစည်းဖြစ်ရန် မလိုအပ်ဘဲ ရိုးရှင်းသည့် လုပ်ငန်းစဉ်တစ်ခုဖြင့် ၎င်းတို့ကို အသိအမှတ်ပြုပေးနိုင်သည်။ အချို့မှာ အလွတ်သဘော တည်ရှိနေနိုင်သည်။ အချို့မှာမူ ဓလေ့ထုံးတမ်းအဖွဲ့အစည်းများကို မည်သို့ဖွဲ့စည်းရမည် သို့မဟုတ် မည်သို့ လည်ပတ်ရမည်ဟူသည့် အစိုးရထံမှ ဝင်ရောက်စွက်ဖက်မှုများမပါဘဲ ပိုမိုတိကျသည့်ဥပဒေများနှင့် နည်းဥပဒေများ ရေးဆွဲနိုင်သည်။

ဓလေ့ထုံးတမ်း လုပ်ပိုင်ခွင့်ဇုန်များတွင် ရပ်ရွာလူထုတစ်ခုကအသုံးပြုသည့်ဇုန်မှသည် တစ်ခုထက်ပိုသည့် ရပ်ရွာလူထုများ အတူတကွ အသုံးပြုသည့်ဇုန် သို့မဟုတ် တိုင်းရင်းသားလူမျိုးစုတစ်ခုက စီမံခန့်ခွဲသည့်ကြီးမားသည့်နယ်မြေများအထိ ဇုန်အမျိုးမျိုး ရှိနေနိုင်သည်။ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုန်များကို သို့မဟုတ် တိုင်းရင်းသားပြည်နယ်များတစ်ခုလုံးကို သို့မဟုတ် အချို့အစိတ်အပိုင်းများကို သို့မဟုတ် တိုင်းများတွင်လည်း အချို့အစိတ်အပိုင်းများကို ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ဇုန်များဟု သတ်မှတ်နိုင်သည်။



ကယားပြည်နယ် ဒေါ်လားဆောကျေးရွာရှိ တောင်ယာစပါးခင်းများ။ မြေဆီဩဇာကို ပြန်လည်ထက်သန်လာစေနိုင်သည်ဟု လူအများသိသော သစ်ပင်များကို တောင်သူများက ရွှေ့ပြောင်းတောင်ယာ စိုက်ကွက်များတွင် ထိန်းသိမ်းထားကြသည်။ (ဓာတ်ပုံ–နေမင်းလွင်၊ KMSS)

ဒေသကြီးများအားလုံးကို ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ဇုန်များအဖြစ် သတ်မှတ်မည်ဆိုပါက ကူညီပံ့ပိုးပေးမည့်အထူးအဖွဲ့အစည်းတစ်ခုကို ဇုန်အဆင့်တွင် ဖွဲ့စည်းသင့်ပါသည် – ဥပမာအားဖြင့် ရပ်ရွာလူထုတစ်ရပ်အတွင်း ပဋိပက္ခများကို ညှိနှိုင်းဖျန်ဖြေပေးနိုင်ရန်ဖြစ်သည်။ ဇုန်၏တရားဝင်ဖြစ်မှုအနေအထား၊ ပိုမိုအဆင့်မြင့်သည့်ဥပဒေမူဘောင်များနှင့် အချိတ်အဆက်မိခြင်း စသည်တို့နှင့်ပတ်သက်၍ ဥပဒေ(များ) ရေးဆွဲချမှတ်ရန် လိုအပ်နိုင်ပါသည်။ အမျိုးသားဥပဒေများတွင် ပြဋ္ဌာန်းထားသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာအကာအကွယ်အချို့လည်း သက်ရောက်နိုင်သည်၊ ထို့ကြောင့် ဇုန်စီမံအုပ်ချုပ်မှုအဖွဲ့အစည်းနှင့် နိုင်ငံတော်အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုပုံစံအချို့ လိုအပ်နိုင်ပါသည်။

### အားသာချက်များ နှင့် အားနည်းချက်များ

ဤဓလေ့ထုံးတမ်းဇုန်များနည်းလမ်းတွင် ဇုန်နယ်နိမိတ်ပိုင်းခြားသတ်မှတ်ရန်လိုအပ်မှုကြောင့် နည်းလမ်း ၁ ဖြစ်သည့် ခြုံငုံအသိအမှတ်ပြုခြင်းနည်းလမ်းထက် ပိုမိုရှုပ်ထွေးနက်နဲသည်။ အချို့ဖြစ်ရပ်များတွင် ဇုန်စီမံအုပ်ချုပ်ရေးအဖွဲ့သည် နိုင်ငံတော်ထံမှ တရားဝင်အသိအမှတ်ပြုမှုရရှိရန် လိုအပ်မည်ဖြစ်သည်။ ဇုန်အရွယ်အစားနှင့် ပါဝင်သူရပ်ရွာလူထုအရေအတွက်အပေါ် မူတည်ပြီး ရှုပ်ထွေးနက်နဲမှု ပိုမိုများပြားလာနိုင်သည်။ သို့ပါသော်လည်း ဤနည်းလမ်းသည် အခြားနည်းလမ်းများထက် ရိုးရှင်းနေသေးပြီး နိုင်ငံတော်ထံမှ ငွေကြေးဆိုင်ရာ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ရင်းမြစ်အချို့ လိုအပ်ပါသည်။ *"တရားဝင်ဥပဒေများကသာ မသင့်လျော်သည့် ကန့်သတ်ချုပ်ချယ်မှုများ မချမှတ်ပါလျှင် အချိန်ကာလရွေ့လျားလာသည်နှင့်အမျှ(...) ဤနည်းလမ်းသည် ဓလေ့ထုံးတမ်းအခွင့်အရေးများကို တိုးတက်မှုဖြစ်ပေါ်စေလိမ့်မည် ဖြစ်သည်"*[၄] ။

ဤနည်းလမ်းသည် ဥပမာအားဖြင့် အပြည့်အဝစနစ်များတွင်ရှိသည့် အားကောင်းသည့် ဓလေ့ထုံးတမ်းအဖွဲ့အစည်းများအတွက် သင့်လျော်သည်။ ဥပဒေအရ အသိအမှတ်ပြုထားသည့်အဖွဲ့အစည်းမဟုတ်သဖြင့် ဓလေ့ထုံးတမ်းအဖွဲ့အစည်းများသည် ရင်းနှီးမြှုပ်နှံမှုပြုလိုသူ၊ မြေငှားလိုသူ သို့မဟုတ် သယံဇာတရင်းမြစ် ထုတ်ယူသုံးစွဲလိုသူ ပြင်ပမှလူများ / ပုဂ္ဂလိကကုမ္ပဏီများ / အစိုးရဌာနများနှင့် ဥပဒေဆိုင်ရာစာချုပ်များ မချုပ်ဆိုနိုင်ပါ။ သို့သော် နည်းလမ်း ၁ ဖြစ်သည့် ခြုံငုံအသိအမှတ်ပြုခြင်းကဲ့သို့ FPIC ကို အသုံးပြုနိုင်သည်။ ဒေသခံအဖွဲ့အစည်းများ၏ ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ အကန့်အသတ်များ/အားနည်းချက်များကြောင့် ပြင်ပမှလူများနှင့် ရိုးရာအာဏာပိုင်များအကြား သို့မဟုတ် ပါဝါရှိသူလူတစ်ဦးချင်းတို့အကြား ရပ်ရွာလူထု၏ ကျယ်ကျယ်ပြန့်ပြန့်သဘောတူညီချက်မပါဘဲ တရားမဝင်စာချုပ်ချုပ်ဆိုမှုအန္တရာယ်များ ရှိနေနိုင်သည်။

## နည်းလမ်း ၃ – ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ဓလေ့ထုံးတမ်းဆိုင်ရာ စီမံအုပ်ချုပ်ခြင်း

ဇုန်များဖန်တီးခြင်းအပြင် အခြားသောနည်းလမ်းတစ်ရပ်မှာ မြေနှင့်သယံဇာတရင်းမြစ်ပိုင်ဆိုင်မှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာအာဏာများကို တည်ရှိနှင့်ပြီးဖြစ်သည့် နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့အစည်းများအားပေးအပ်ခြင်းဖြစ်သည်။ ဥပမာ – မြန်မာနိုင်ငံရှိကျေးရွာအုပ်စုတစ်ခု၏ မြေဧရိယာစုစုပေါင်းကို အဆိုပါကျေးရွာအုပ်စုတွင် နေထိုင်သူအားလုံးက စုပေါင်းပိုင်ဆိုင်သည့်နယ်မြေတစ်ခုအဖြစ် သတ်မှတ်နိုင်သည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ကျေးရွာလူထုက သွယ်ဝိုက်ရွေးကောက်တင်မြှောက်ခြင်းဖြစ်၍ အုပ်ချုပ်ရေးမှူးများ၏တရားဝင်မှုသည် အတိုင်းအတာတစ်ခုအထိ ရှိနှင့်ပြီးဖြစ်သည်။ မြေနှင့်သယံဇာတရင်းမြစ်များအား စီမံအုပ်ချုပ်မည့်အဖွဲ့အစည်းသည် တည်ရှိနှင့်ပြီးဖြစ်သည့် အုပ်ချုပ်ရေးအဖွဲ့အစည်း (ဥပမာ – ကျေးရွာအုပ်စုအုပ်ချုပ်ရေးအာဏာပိုင်များ) ဖြစ်နေနိုင်သည် သို့မဟုတ် တည်ရှိနှင့်ပြီဖြစ်သည့် ဓလေ့ထုံးတမ်းအဖွဲ့အစည်း (ဥပမာ – ရပ်မိရပ်ဖကောင်စီ) ဖြစ်နေနိုင်သည် သို့မဟုတ် ဓလေ့ထုံးတမ်းအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် ပေါင်းစပ်အဖွဲ့အစည်းတစ်ခုလည်း ဖြစ်နေနိုင်ပါသည်။ မည်သည့်နည်းကို အသုံးပြုသည်ဖြစ်စေ ဒေသခံအာဏာပိုင်များသည် ပြင်ပမှလူများနှင့် ကျေးရွာလူထုအကြား ကြားခံအဖြစ်သာ ဆောင်ရွက်လိမ့်မည်ဖြစ်သည်။ ဤနည်းလမ်း ၃ တွင် အရေးကြီးသည့်အချက်မှာ ဒေသန္တရစီမံအုပ်ချုပ်ရေးကို မည်သည့်အတိုင်းအတာအထိ အသုံးပြုမည်၊ မည်သည့်အခြေအနေများတွင် ကျေးရွာအဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ထို့ထက်အဆင့်မြင့်သည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဝင်ရောက်ဆောင်ရွက်မည်ဟူ၍ ရှင်းရှင်းလင်းလင်း သတ်မှတ်ထားရန် ဖြစ်ပါ သည်။

### အားသာချက်များ နှင့် အားနည်းချက်များ

ဤနည်းလမ်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသုံးပြုနိုင်ပြီး အထူးထပ်ဆောင်းရင်းမြစ်များ မလိုအပ်ပါ။ အုပ်ချုပ်ရေးနယ်နိမိတ်များ ရှင်းလင်းစွာတည်ရှိနှင့်ပြီးဖြစ်၍ နောက်ထပ်မြေပုံရေးဆွဲနေရန်လည်း မလိုအပ်ပေ။ ထို့အပြင် စီမံအုပ်ချုပ်မှုအခွင့်အာဏာကိုလည်း ဒေသန္တရအဆင့်တွင် ထားရှိနိုင်သဖြင့် ရှုပ်ထွေးသည့်မှတ်ပုံတင်လုပ်ငန်းစဉ်လည်း မလိုအပ်ပါ။

မည်သည့်(ကျေးရွာအုပ်စုအဆင့်)ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များက မည်သည့်ကျေးရွာ၏လူထုကို ကိုယ်စားပြုသည်ဟု အတိအကျပြောဆိုရန် ခက်ခဲနိုင်သည် – ဥပမာအားဖြင့် ကျေးရွာအုပ်စုတစ်ခုအောက်တွင် ကျေးရွာများစွာ ပါဝင်သည်။ ထို့ကြောင့် ဒေသခံရပ်ရွာလူထု

၄ Fitzpatrick (2005, p.458).

သည် သက်ဆိုင်ရာနယ်မြေဧရိယာအတွင်း ၎င်းတို့၏သက်ဆိုင်ရာ အခွင့်အရေးများအား ရှင်းလင်းစွာသတ်မှတ်ထားရန် လိုအပ်ပါသည်။

ရပ်ရွာလူထုက နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးအဖွဲ့များအပေါ် မှီခိုမှု များလာသည်နှင့်အမျှ နိုင်ငံတော်၏ ကြားဝင်စွက်ဖက်ဆောင်ရွက်မှုနှင့် အထက်မှအောက်ကို အမိန့်ပေးသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များ ဖြစ်ပေါ်လာနိုင်ခြေလည်း ပိုများလာမည်ဖြစ်သည်။ စီမံအုပ်ချုပ်မည့် ဒေသန္တရအာဏာ အပ်နှင်းခံရသူများသည် ရွေးကောက်ခံရသူများဖြစ်သည့်တိုင် လက်တွေ့တွင် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာ အကန့်အသတ်ရှိနေနိုင်သည် – အထူးသဖြင့် ရိုးရာဓလေ့အရအာဏာရှိသူများကို ကျေးရွာလူထုက ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားပြီး အဆိုပါအာဏာရှိသူများသည် စီမံအုပ်ချုပ်မှုပိုင်းတွင် မပါဝင်ခဲ့လျှင်ဖြစ်ပါသည်။ ထို့ကြောင့် ဤနည်းလမ်း ၃ သည် အားမကောင်းသေးသည့် ဓလေ့ထုံးတမ်းအဖွဲ့အစည်းများရှိသည့် တစ်စိတ်တစ်ပိုင်းစနစ်များအတွက် ပို၍သင့်လျော်မည်ဖြစ်သည်။ ပုံမှန်အားဖြင့် စိုးရိမ်ဖွယ်ရာတစ်ခုမှာမူ အထက်တန်းလွှာများ/အသာစီးရနေသူများက အမြတ်ထုတ်သွားနိုင်မှုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျေးရွာ/ကျေးရွာအုပ်စုမှ ခေါင်းဆောင်များ သို့မဟုတ် အုပ်ချုပ်ရေးမှူးများသည် မြေယာစီမံခန့်ခွဲမှုမှတစ်ဆင့် ကိုယ်ကျိုးရှာလိုကြပြီး မြေအငြင်းပွားမှုပဋိပက္ခများတွင် ၎င်းတို့ကိုယ်တိုင် မကြာခဏ ပါဝင်ပတ်သက်နေမှုကြောင့် ဖြစ်သည်။[၅]

## နည်းလမ်း ၄ – နယ်နိမိတ်များအတွင်း မြေယာအခွင့်အရေးအသိအမှတ်ပြုမှုဆိုင်ရာ တရားဝင်လက်မှတ်ထုတ်ပေးခြင်း (Titles over territories)

အချို့ရပ်ရွာများသည် ၎င်းတို့၏နယ်နိမိတ်များအားလုံးအတွက် အခွင့်အရေးပိုင်ဆိုင်သူများအဖြစ် အသိအမှတ်ပြုခံလိုကြပြီး နိုင်ငံတော်အုပ်ချုပ်ရေးစက်ကွင်းအောက်မှအလုံးစုံကင်းလွတ်သည့် ကိုယ်ပိုင်စီမံအုပ်ချုပ်နိုင်မှုအပြည့်အဝ လိုချင်ကြပါသည်။ မြေယာစီမံအုပ်ချုပ်မှုနှင့်သက်ဆိုင်သည့်ကိစ္စရပ်များအားလုံးတွင် ဥပဒေက အသိအမှတ်ပြုသည့် ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့် အပြည့်အဝရရှိနိုင်ရန် ရပ်ရွာလူထုသည် ဥပဒေအရ တရားဝင်သည့် အစုအဖွဲ့ဖြစ်ရန် လိုအပ်ပြီး မြေယာအခွင့်အရေးများ အလုံးစုံအကျုံးဝင်သည့် တရားဝင်အသိအမှတ်ပြုလက်မှတ်(title)ရှိရန်လည်း လိုအပ်သည်။ ထိုတရားဝင်အသိအမှတ်ပြုလက်မှတ်နှင့်သက်ဆိုင်သည့် အခွင့်အရေးများနှင့် တာဝန်များအကြောင်းကိုလည်းကောင်း၊ အဆိုပါလက်မှတ်ကို သက်ဆိုင်ရာအာဏာပိုင်များက မည်သို့မည်ပုံ ထုတ်ပေးမည်ဟူ၍လည်းကောင်း ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန် လိုအပ်ပါသည်။

တရားဝင်အသိအမှတ်ပြုလက်မှတ် (Land titles)ထုတ်ပေးခြင်းလုပ်ငန်းစဉ်တွင် အများအားဖြင့် နယ်မြေနယ်နိမိတ်သတ်မှတ်ခြင်းနှင့် မြေပုံရေးဆွဲခြင်းတို့ပါဝင်သည်။ ထို့အပြင် အများသိအောင် တရားဝင်အသိပေးကြေညာခြင်း၊ တရားဝင်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် နယ်နိမိတ်မှတ်ပုံတင်ခြင်းတို့လည်း ပါဝင်သည်။



စစ်ကိုင်းတိုင်း၊ လေရှီးမြို့နယ်၊ နာဂကျေးရွာ၏ ရှခင်းများ (ဓာတ်ပုံ- မောင်မောင်သန်း၊ RECOFTC)

၅ Boutry et al. (2017, pp. 247–253)



နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ၊ နန်းယွန်းမြို့နယ် ထန်ဆန်းနာဂကျေးရွာတွင် နေအိမ်အသစ်တစ်လုံး တည်ဆောက်ရာတွင် ကူညီရန် ဝါးသယ်ယူပေးနေသော ဒေသခံများ၊ ။ (ဓာတ်ပုံ– CHRISTIAN ERNI)

ဥပဒေအရ တရားဝင်သည့်အစုအဖွဲ့ဖြစ်လာရန် ပေါင်းစည်းမှုများ (incorporation) လိုအပ်နိုင်သည်။ သို့သော် မဖြစ်မနေမဟုတ်ဘဲ ဆန္ဒအလျောက်သာ ပေါင်းစည်းခြင်းဖြစ်ပြီး ထပ်ဆောင်းအကာအကွယ်များရရှိနိုင်ရန်အတွက် ဖြစ်သည်။

## အားသာချက်များ နှင့် အားနည်းချက်များ

မူအရဆိုလျှင် နယ်နိမိတ်အတွင်း မြေယာအခွင့်အရေးများကို တရားဝင်အသိအမှတ်ပြုသည့် လက်မှတ်ထုတ်ပေးခြင်းသည် ဓလေ့ထုံးတမ်းအခွင့်အရေးများဆိုင်ရာ အမြင့်ဆုံးဥပဒေ အကာအကွယ်ပေးခြင်းဖြစ်သည်။ သို့သော် ဤနည်းလမ်းတွင် ရှုပ်ထွေးမှု အဆင့်မြင့်မားသည်။ အခြားနိုင်ငံများထံမှ အတွေ့အကြုံများအရ နိုင်ငံတော်အစိုးရသည် အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်အပေါ် ၎င်း၏လိုသလိုကြီးကြပ်ကွပ်ကဲမှုကို မကြာခဏပြုလုပ်လေ့ရှိပြီး တရားဝင်အစုအဖွဲ့များအား တရားဝင်အသိအမှတ်ပြုလက်မှတ်ရရှိရန် နှောင့်နှေးခြင်း သို့မဟုတ် တားဆီးခြင်းတို့ ဖြစ်ပေါ်စေသည်။ ထို့အပြင် တရားဝင်အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် ရပ်ရွာလူထုများသည် ၎င်းတို့၏နယ်နိမိတ်များသို့ ကျူးကျော်ဝင်ရောက်လာမှုများ မဖြစ်ပေါ်အောင် အစဉ်အမြဲ ကာကွယ်တားဆီးနိုင်ခြင်း မရှိပါ။ တရားရုံးများသို့ လက်လှမ်းမမှီနိုင်ခြင်း၊ နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့အစည်းများထံမှ ထောက်ခံကူညီမှုနည်းပါးခြင်း သို့မဟုတ် ရပ်ရွာအတွင်း အငြင်းပွားခြင်းတို့ကြောင့် ဖြစ်နေနိုင်ပါသည်။

ဤနည်းလမ်း ၄ သည် ဓလေ့ထုံးတမ်းအဖွဲ့အစည်းများ အားကောင်းခိုင်မာစွာရှိသည့် ရပ်ရွာလူထုများအတွက် သင့်လျော်သည်။ ပေါင်းစည်းမှု (incorporation) ပြုလုပ်ခြင်းအားဖြင့် ပြင်ပသက်ဆိုင်သူများနှင့် ဥပဒေအရ ချိတ်ဆက်ဆောင်ရွက်မှု ပြုလာနိုင်စေသည် သို့မဟုတ် ငွေကြေးအဖွဲ့အစည်းများထံမှချေးငွေများကို လက်လှမ်းမှီလာစေသည်။ သို့သော် အထက်တန်းလွှာများ/အသာစီးရနေသူများက ကိုယ်ကျိုးရှာလိုသည့်အခါမျိုးတွင် သို့မဟုတ် တရားဝင်အစုအဖွဲ့သည် မူရင်းအခွင့်အရေးပိုင်ဆိုင်သူအဖွဲ့ မဟုတ်သည့်အခါမျိုးတွင် ပေါင်းစည်းခြင်းသည် ပြဿနာဖြစ်ပေါ်စေနိုင်ပါသည်။ လက်မှတ်ထုတ်ပေးခြင်းအားဖြင့် ရပ်ရွာလူထုထံ အခွင့်အရေးများ အပ်နှင်းမည်ဆိုပါက နယ်နိမိတ်တစ်ခုအတွင်းရှိ လူတစ်ဦးချင်းနှင့် လူအုပ်စုခွဲ/လူမျိုးစုခွဲများ၏ တည်ရှိနှင့်ပြီးအခွင့်အရေးများကိုလည်း တရားဝင်အသိအမှတ်ပြု အကာအကွယ်ပေးရန် အရေးကြီးပါသည်။ ပေါင်းစည်းခြင်းလုပ်ငန်းစဉ်သည် ဓလေ့ထုံးတမ်းစနစ်ကို အပြောင်းအလဲပြုလုပ်လာနိုင်သည်။ ပြဋ္ဌာန်းဥပဒေပါစည်းမျဉ်းများနှင့် အကာအကွယ်ပေးမှုများကိုသာမက လူမှုတရားမျှတမှုနှင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အခြေခံမှုများကိုလည်း လိုက်နာကျင့်သုံးရန်အတွက် ဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံတော်သည် “လက်တွေ့တွင် မလိုက်နာရန်ဖြစ်နိုင်ခြေများသည့် လူမှုအပြောင်းအလဲကို ရပ်ရွာလူထုများတွင် အတင်းအဓမ္မဖော်ဆောင်ခြင်း”ကို ရှောင်ကြဉ်ရမည် ဖြစ်သည်။[၆]

၆ Fitzpatrick (2005, p. 462)

## နည်းလမ်း ၅ –<br>မြေကွက်များအတွက် လုပ်ပိုင်ခွင့်လက်မှတ်

ပြဋ္ဌာန်းဥပဒေဖြင့် မြေနှင့်သယံဇာတရင်းမြစ်များအား စီမံခန့်ခွဲနေသည့်ရပ်ရွာများတွင် အချို့လူများသည် ထိုအခွင့်အရေးများအား ဓလေ့ထုံးတမ်းအဖွဲ့အစည်းများထံသို့ လွှဲပြောင်းစီမံစေခြင်း မပြုလိုကြပါ။ သို့သော် အချို့သောစုပေါင်းအသုံးပြုမြေများ (သစ်တော၊ စားကျက်မြေ၊ ငါးမွေးမြူရေးမြေများ စသဖြင့်) အတွက်မူ ဓလေ့ထုံးတမ်းစနစ်ဖြင့် စီမံအုပ်ချုပ်ရန် သဘောတူတတ်ကြပါသည်။ ဤဖြစ်ရပ်မျိုးတွင် ပြဋ္ဌာန်းဥပဒေဖြင့် စီမံခန့်ခွဲသည့် နယ်နိမိတ်မှလွဲ၍ အခြားအစိတ်အပိုင်းများကို ဓလေ့ထုံးတမ်းစနစ်ဖြင့် အသိအမှတ်ပြုနိုင်သည်။ သက်ဆိုင်ရာ ဓလေ့ထုံးတမ်းစနစ်နှင့်အညီ စုပေါင်းအခွင့်အရေးပိုင်ဆိုင်ထားသော ရပ်ရွာတစ်ခု သို့မဟုတ် အသုံးပြုသူအစုအဖွဲ့တစ်ခုကို ထိုမြေကွက်များအတွက် လုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးနိုင်ပါသည်။

စီမံအုပ်ချုပ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများကို ထိုမြေအမျိုးအစားများအတွက် တရားစီရင်ပိုင်ခွင့်ရှိသည့် နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့အစည်း သို့မဟုတ် ရပ်ရွာလူထုကိုယ်တိုင်က ရေးဆွဲသတ်မှတ်နိုင်သည်။

တရားဝင်ဖြစ်စေခြင်းလုပ်ငန်းစဉ်တွင် အဆင့်များစွာပါဝင်သည် – အသုံးပြုသူအစုအဖွဲ့ကို ဖော်ထုတ်သတ်မှတ်ခြင်း၊ စုပေါင်းစီမံခန့်ခွဲမှုအောက်ရှိမြေ(ကွက်)များကို မြေပုံရေးဆွဲခြင်း၊ ရင်းမြစ်များ စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသတ်မှတ်ခြင်းနှင့် စီမံအုပ်ချုပ်မည့်အဖွဲ့ကိုလည်း အများပါဝင်သည့်လုပ်ငန်းစဉ်ဖြင့် ဖွဲ့စည်းခြင်း။ ဤ နည်းလမ်း ၅ တွင် တရားဝင်ဖြစ်စေခြင်း၌ ပေါင်းစည်းခြင်းနှင့် နယ်နိမိတ်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တစ်ရပ် လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ တစ်ခုတည်းသောကွာခြားချက်မှာ နယ်နိမိတ်တစ်ခုလုံးအတွက်မဟုတ်ဘဲ မြေကွက်များအတွက်သာ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးခြင်းဖြစ်သည်။

### အားသာချက်များ နှင့် အားနည်းချက်များ

ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်လက်မှတ်များသည် ကျေးရွာနယ်နိမိတ်အောက်ရှိ မြေအစိတ်အပိုင်းများ စီမံအုပ်ချုပ်မှုစနစ်နှင့် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို လိုက်လျောညီထွေနိုင်စွမ်းရှိသည်။ စုပေါင်းအကျိုးစီးပွားနှင့် တစ်ဦးချင်းအကျိုးစီးပွား မတိုက်ဆိုင်သည့်နေရာများရှိ တစ်စိတ်တစ်ပိုင်းစနစ်များအတွက် ထိုသို့ လိုက်လျောညီထွေဖြစ်နိုင်မှုသည် မရှိမဖြစ်လိုအပ်သည်။ ထိုသို့လက်မှတ်ဖြင့်အသိအမှတ်ပြုခြင်းသည် ဓလေ့ထုံးတမ်းစနစ်ဖြင့် စီမံအုပ်ချုပ်သည့်အဖွဲ့အစည်းများအတွက် စုပေါင်းအသုံးပြုမြေများကို စီမံခန့်ခွဲရန်တရားဝင်မှုအသစ်တစ်ရပ် ထပ်ဆောင်းပေးခြင်းလည်းဖြစ်သည်။ အခွင့်အရေးများ တရားဝင်ခိုင်မာလာခြင်းသည် ပိုမိုရေရှည်တည်တံ့မည့် စီမံခန့်ခွဲမှုအလေ့အကျင့်များကို လိုက်နာကျင့်သုံးရန် ဆွဲဆောင်မှုတစ်ရပ်လည်းဖြစ်သည်။ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်လက်မှတ်သည် အခွင့်အရေးများအားလုံးမဟုတ်ဘဲ အချို့အတွက်သာအကျုံးဝင်ခြင်းဖြစ်ပါလျှင်လည်း အားကောင်းသည့်ဥပဒေအကာအကွယ်များ ပေးအပ်နိုင်ပါသည်။

ဤနည်းလမ်းသည် နည်းလမ်း ၄ ထက် ပိုမိုရှုပ်ထွေးသည့်အပြင် ရင်းမြစ်များလည်း များစွာပိုမိုလိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် မြေကွက်တစ်ခုတိုင်း သို့မဟုတ် မြေကွက်အစုအဖွဲ့တစ်ခုတိုင်းအတွက် အခွင့်အရေးများ တရားဝင်စေရန် လိုအပ်မှုကြောင့်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းများသည်လည်း ရပ်ရွာတစ်ခုနှင့်တစ်ခုမတူဘဲ ကွဲပြားနိုင်ခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် အထက်တန်းလွှာများ/အသာစီးရနေသူများ၏ ကိုယ်ကျိုးရှာသည့် အန္တရာယ်လည်း ရှိနိုင်သည်။ ထို့ကြောင့် ထိုအန္တရာယ်ကိုလျှော့ချနိုင်ရန် မြေကွက်လုပ်ပိုင်ခွင့်လက်မှတ်တွင် အခွင့်အရေးများကို ရပ်ရွာလူထုမဟုတ်သူထံသို့ လွှဲပြောင်းခွင့်မရှိစေရဟု သီးသန့်ဖော်ပြရန်လိုအပ်သည်။



ရှမ်းပြည်တောင်ပိုင်း ရွာငံမြို့နယ်၊ တဲလုကျေးရွာ၏ ဓလေ့ထုံးတမ်းဆိုင်ရာ ကျင့်ထုံးများအကြောင်းကို ဓနုအမျိုးသမီးများနှင့် တိုင်ပင်ဆွေးနွေးနေခြင်း (ဓာတ်ပုံ– NATALIE Y. CAMPBELL, MRLG)



ကယားပြည်နယ် ဟာဆောခူးကျေးရွာတွင် ရွှေ့ပြောင်းတောင်ယာစိုက်ကွက်တစ်ခု၌ စိုက်ပျိုးနေသည့်တောင်သူများ (ဓာတ်ပုံ – နေမင်းလွင်၊ KMSS)

## နည်းလမ်း ၆ – ပူးတွဲစီမံခန့်ခွဲရေးဆိုင်ရာစာချုပ်များ

အကယ်၍နိုင်ငံတော်၏အများပိုင်မြေများသည် တရားဝင်လုပ်ပိုင်ခွင့်လက်မှတ်များထုတ်ပေးရန် အကျုံးမဝင်ပါက ဒေသခံရပ်ရွာလူထုအနေဖြင့် ၎င်းတို့၏ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များကို ကာကွယ်နိုင်ရန် တစ်ခုတည်းသော ဥပဒေဆိုင်ရာအခွင့်အလမ်းမှာ ပူးပေါင်းစီမံခန့်ခွဲခြင်း သို့မဟုတ် ပူးတွဲစီမံခန့်ခွဲရေးဆိုင်ရာစာချုပ်များ ချုပ်ဆိုဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ဤနည်းလမ်းတွင် သက်ဆိုင်ရာနိုင်ငံတော်မြေများဆိုင်ရာ အာဏာအပ်နှင်းခံရသည့် နိုင်ငံတော်အစိုးရအဖွဲ့အစည်းက ထိုမြေများအပေါ် ရိုးရာဓလေ့အရ အခွင့်အရေးရရှိနေသူ ရပ်ရွာလူထုများထံ ပူးတွဲစီမံခန့်ခွဲရေးဆိုင်ရာစာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆွေးနွေးရမည်ဖြစ်သည်။ စာချုပ်များတွင် “သတ်မှတ်နယ်မြေ၊ ဇရိယာ သို့မဟုတ် သဘာဝအရင်းအမြစ်များ အစုအဝေးအတွက် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းဆောင်တာများ၊ ရပိုင်ခွင့်များနှင့် တာဝန်များကို မည်သို့ခွဲဝေဆောင်ရွက်မည်” ဟု သတ်မှတ်ပေးသည်။[၇]

ပူးတွဲစီမံခန့်ခွဲခြင်းသည် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များကို အသိအမှတ်ပြုခြင်း မဟုတ်သေးသော်လည်း သတ်မှတ်နယ်မြေ သို့မဟုတ် ရင်းမြစ်များစီမံခန့်ခွဲရေးတွင် ဓလေ့ထုံးတမ်းစီမံအုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းဖန်တီးပေးသည်။ သက်ဆိုင်ရာနယ်မြေများဆိုင်ရာ မြေပုံရေးဆွဲခြင်းနှင့် ဇုန်သတ်မှတ်ခြင်း၊ စီမံခန့်ခွဲရေး ဒီဇိုင်းရေးဆွဲခြင်းဖြင့် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များနှင့် အလေ့အကျင့်များကို မည်သို့ဆောင်ရွက်နိုင်မည်ဟူ၍ အပြန်အလှန်နားလည်မှုရရှိအောင် ကူညီပေးမည်ဖြစ်သည်။ ရပ်ရွာလူထု သို့မဟုတ် အစုအဖွဲ့ခွဲတစ်ခုကို ကိုယ်စားပြုသည့်ကော်မတီတစ်ရပ် ဖွဲ့စည်းမှုလည်း ရှိနိုင်သည်။ အဆိုပါကော်မတီသည် နိုင်ငံတော်အစိုးရ၏ အဖွဲ့အစည်းနှင့်စာချုပ်ချုပ်ဆိုပြီး သက်ဆိုင်ပါဝင်သူများက သတ်မှတ်စည်းကမ်းများအား မည်သို့မည်ပုံ အကောင်အထည်ဖော် ဆောင်ရွက်နေသနည်းဟု လေ့လာစောင့်ကြည့်မှုပြုမည်ဖြစ်သည်။

ပူးတွဲစီမံခန့်ခွဲခြင်း၏ အဓိကအားသာချက်တစ်ရပ်မှာ အဆိုပါလုပ်ငန်းစဉ်သည် မြန်မာ့တည်ဆဲဥပဒေများတွင် တည်ရှိနှင့်ပြီး ဖြစ်ခြင်းပင်ဖြစ်သည် (ဥပမာ – အစုအဖွဲ့ပိုင်သစ်တောနှင့် ငါးမွေးမြူရေး)။ ထို့အပြင် ဓလေ့ထုံးတမ်းအခွင့်အရေးများ အသိအမှတ်ပြုရေးအတွက်လည်း ပိုမိုတိုက်ရိုက်သက်ဆိုင်သည့်လမ်းကြောင်းတစ်ရပ်ကို ဖန်တီးပေးသည်။ သို့သော် သက်ဆိုင်ရာဥပဒေများတွင် ဓလေ့ထုံးတမ်းစီမံအုပ်ချုပ်မှုဆိုင်ရာ အသိအမှတ်ပြုမှုပါဝင်လာရေးအတွက်မူ ပြောင်းလဲပြင်ဆင်ချက်များစွာပြုလုပ်ရန် လိုလိမ့်မည်ဖြစ်သည်။


သက်ဆိုင်ရာနယ်မြေအတွက် မြေပုံများရေးဆွဲခြင်း၊ ဇုန်သတ်မှတ်ခြင်းနှင့် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် ရပ်ရွာလူထုအကြား အများပါဝင်သည့် ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းစဉ် ဖော်ဆောင်ရန် လိုအပ်ခြင်းတို့ကြောင့် ဤပူးတွဲစီမံခန့်ခွဲခြင်းနည်းလမ်းသည် ရှုပ်ထွေးနက်နဲမှု အဆင့်မြင့်မားပြီး ကုန်ကျစရိတ်လည်း များနိုင်ပါသည်။ ပူးတွဲစီမံခန့်ခွဲရေးစာချုပ်များတွင် အမျိုးမျိုးသော လွှမ်းခြုံနိုင်မှု နယ်ပယ်အသီးသီးနှင့် အခွင့်အရေးအစုအစည်းများ ပါဝင်နိုင်သည့် နည်းတူ ကန့်သတ်ချက်/အားနည်းချက်များလည်းရှိနိုင်ပြီး အောက်ပါတို့လည်း အပါအဝင်ဖြစ်သည် –

[၇] Borrini-Feyerabend et al. (2007, p.2)

- ဓလေ့ထုံးတမ်းအခွင့်အရေးခိုင်မာမှုအားနည်းခြင်း – နိုင်ငံတော်အစိုးရသည် အမှီအခိုကင်းလွတ်လပ်သည့် ကြီးကြပ်ကွပ်ကဲမှုမရှိဘဲ စာချုပ်ကို ၎င်းတို့အာဏာဖြင့် တစ်ဖက်သတ် ပြန်လည်ရုပ်သိမ်းသွားနိုင်သည်။ ထို့အပြင်စာချုပ်သည် အချိန်အကန့်အသတ်ဖြင့်သာ ချုပ်ဆိုထားခြင်းဖြစ်သည်။
- စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲသတ်မှတ်ရာတွင်လည်း တည်ရှိနှင့်ပြီးဖြစ်သည့် ဓလေ့ထုံးတမ်းစီမံအုပ်ချုပ်မှုစနစ်များကို အနည်းငယ်မျှသာ ထည့်သွင်းစဉ်းစားထားခြင်းဖြစ်သည်။
- ရပ်ရွာလူထုအသုံးပြုနေသည့် မြေနှင့်သယံဇာတရင်းမြစ်များ၏ အနည်းငယ်သောအချိုးအစားကိုသာ ပူးတွဲစီမံခန့်ခွဲနယ်မြေများအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ တစ်ခါတစ်ရံ အဆိုပါနယ်မြေများသည် ယိုယွင်းပျက်စီးနှင့်ပြီးဖြစ်သည့်နယ်မြေများ ဖြစ်နေတတ်သည်။
- မြင်သာစွာအကျိုးအမြတ်များရရှိစေနိုင်သည့် ကူးသန်းရောင်းဝယ်ရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာစီးပွားရေး ဆောင်ရွက်ချက်များပြုလုပ်ဆောင်ရွက်နိုင်ရန် ရပ်ရွာလူထုတွင် အခွင့်အရေးမရှိပါ။ ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံသူများနှင့် စာချုပ်ချုပ်ဆိုခွင့်လည်းမရှိပေ။

သို့သော်လည်း၊ ဤအားနည်းချက်များသည် မကျော်လွှားနိုင်လောက်အောင်ကြီးမားသည်ဟု မဆိုလိုပါ။ ပိုမိုအားကောင်းခိုင်မာသည့် အခွင့်အရေးများ ဖြစ်လာစေရန် ဥပဒေများကို လိုအပ်သည့်အတိုင်း ပြုပြင်ပြောင်းလဲနိုင်ပါသည်။ စနစ်တကျ ဒီဇိုင်းရေးဆွဲထားသည့် ပူးတွဲစီမံခန့်ခွဲမှုစနစ်တစ်ခုရှိခြင်းသည် နိုင်ငံတော်အစိုးရနှင့်ရပ်ရွာလူထု၏ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။

အောက်ဖော်ပြပါပုံတွင် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များအသိအမှတ်ပြုနိုင်ရေးနည်းလမ်း ၆ ခုကို အဓိကရှုထောင့် ၂ ရပ်ဖြင့် ရိုးရှင်းစွာအကျဉ်းချုပ်ဖော်ပြထားပါသည် – ဓလေ့ထုံးတမ်းစနစ်အမျိုးအစားနှင့် အကာအကွယ်ပေးနိုင်မှု အတိုင်းအတာတို့ဖြစ်သည်။



# အကောင်းဆုံးနည်းလမ်းအမျိုးအစားများမှသည် ခိုင်မာသည့်အဖြေရှာဆောင်ရွက်မှုများဆီသို့

ဤနည်းလမ်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဥပဒေတစ်ရပ် မူကြမ်းပြုစုရာတွင် နယ်ပယ်အသီးသီးတွင် ပါဝင်နေသည့် အရေးပါသည့်အကြောင်းအရာအချို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ နိုင်ငံတကာအတွေ့အကြုံများအရ ကောင်းမွန်သည့် ဥပဒေမူဘောင်များသည် မရှိမဖြစ်လိုအပ်သော်လည်း ဓလေ့ထုံးတမ်းအခွင့်အရေးများအား ထိရောက်စွာကာကွယ်ပေးနိုင်ရန်အတွက်မူ မည်သည့်အခါမျှလုံလောက်ခြင်းမရှိဟု တွေ့ရှိရသည်။

## ယာယီအကာအကွယ်ပေးနိုင်မှု နည်းလမ်းများပေးပါ

ဥပဒေအသစ်တစ်ရပ် ရေးသားပြုစုရန်၊ ပြဋ္ဌာန်းရန်နှင့် လက်တွေ့အကောင်အထည်ဖော်လာရန်မှာ အချိန်ကာလ ကြာမြင့်မည်ဖြစ်၍ ထိုကာလအတွင်း ဓလေ့ထုံးတမ်းမြေများ ထပ်မံဆုံးရှုံးမှုမရှိစေရန် အတွက် ယာယီအကာအကွယ်ပေးနိုင်မှုနည်းလမ်းများကို ချမှတ်ရန် လိုအပ်ပါသည်။ ဥပမာ – မြေယာလုပ်ပိုင်ခွင့်ချပေးမှုများကို ဆိုင်းငံ့ထားရန် အမိန့်ထုတ်ပြန်နိုင်သည် သို့မဟုတ် နည်းလမ်း ၁ တွင် ဖော်ပြထားသည့်အတိုင်း FPIC ဆိုင်ရာ ဥပဒေအသစ်တစ်ခုကို လျှင်မြန်စွာ အကောင်အထည်ဖော်နိုင်ပါသည်။

## ဥပဒေနှင့်သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် ဒေသခံရပ်ရွာလူထု လက်လှမ်းမီအသုံးပြုနိုင်ရန် ရိုးရှင်းရပါမည်

အောက်ဖော်ပြအခြေခံမှုများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အသိအမှတ်ပြုလုပ်ငန်းစဉ်ကို ရိုးရှင်းစွာ ထားရှိနိုင်သည် –

- ဓလေ့ထုံးတမ်းအခွင့်အရေးများ မှတ်ပုံတင်ခြင်းသည် ဆန္ဒအလျောက်နှင့် တောင်းဆိုမှုအရ ဖြစ်သင့်ပါသည် – ဥပဒေသည် တရားဝင်အသိအမှတ်မပြုရသေးသည့်ဓလေ့ထုံးတမ်းအခွင့်အရေးများအား ပျက်စီးစေမှု/ အဆုံးသတ်သွားစေမှု မပြုရပါ။
- ပြင်ပမှဆောင်ရွက်မှုများအားလုံးအတွက် FPIC လိုအပ်ပြီး သက်ဆိုင်ရာ ဓလေ့ထုံးတမ်းအခွင့်အရေးများကို ဖော်ထုတ်မှတ်တမ်းတင်ရန်တာဝန်သည် ရပ်ရွာလူထုတာဝန်မဟုတ်ဘဲ ပြင်ပမှလူများ၏တာဝန်သာဖြစ်သည် (ဥပမာ –အစိုးရဌာနများ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများ)။
- အသိအမှတ်ပြုမှုတွင် အများအသိမှတ်ပြုထားသော တိုင်းရင်းသားလူမျိုးစုအချို့အတွက်သာမဟုတ်ဘဲ ရပ်ရွာလူထုကိုယ်တိုင်ဖော်ထုတ်သတ်မှတ်မှုများကိုလည်း ခွင့်ပြုပေးသင့်ပါသည်။
- လုပ်ထုံးလုပ်နည်းများ/လုပ်ငန်းစဉ်များကိုလည်း ဖြစ်နိုင်သရွေ့ အုပ်ချုပ်မှုအနိမ့်ဆုံးအဆင့်ရှိ ရုံးတစ်ခုကသာ ကိုင်တွယ်သင့်ပါသည်။
- ဓလေ့ထုံးတမ်းဧရိယာများအား ကျွမ်းကျင်သူများကသာ မြေပုံရေးဆွဲခြင်းထက် အများပါဝင်သည့်မြေပုံရေးဆွဲမှုက ပို၍သင့်လျော် လုံလောက်မှုရှိသည်။
- ဒေသခံရပ်ရွာလူထုကို အခွင့်အရေးပိုင်ဆိုင်သူ အစုအဖွဲ့များအဖြစ် အသိအမှတ်ပြုရမည်ဖြစ်ပြီး မဖြစ်မနေ ပေါင်းစည်းစေခြင်း (incorporation) မပြုသင့်ပါ။
- လုပ်ထုံးလုပ်နည်းများတွင် အပြုသဘောဆောင်တိုးတက်သည့်အဆင့်များ ထည့်သွင်းခြင်းအပြင် ပိုမိုအားကောင်းသည့်အကာအကွယ်ပေးမှုရရှိရန်အတွက် လိုအပ်ချက်များကိုလည်း ထည့်သွင်းခြင်းတို့ဖြင့် ဖော်ဆောင်သင့်ပြီး ရပ်ရွာလူထုရောက်ရှိလိုသည့်အဆင့်ကို ရွေးချယ်ခွင့်ပြုသင့်ပါသည်။
- ဥပဒေကို အခွင့်အရေးများ၊ အကာအကွယ်ပေးမှုများနှင့် အထွေထွေအခြေခံမှုများအဆင့်နှင့် နည်းဥပဒေများနှင့် စည်းမျဉ်းများကို အကောင်အထည်ဖော်ရန်အတွက် ရေးဆွဲထားသည့် ပြင်ဆင်ရန် ပိုမိုလွယ်ကူသော လုပ်ထုံးလုပ်နည်းအဆင့်တွင် ထားရှိသင့်ပါသည်။

## ဥပဒေသည် ဖက်ဒရယ်ပြည်နယ်များအခင်းအကျင်းနှင့် လိုက်လျောညီထွေရှိရပါမည်

ပြီးခဲ့သည့်နှစ်များအတွင်း တိုင်းရင်းသားလူမျိုးစုများသည် ဖက်ဒရယ်ပြည်ထောင်စုမူဘောင်အတွင်း၌ ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် ကြိုးပမ်းနေမှုများတွေ့ရှိရသည်။ ဖက်ဒရယ်စနစ် အားကောင်းစေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခု ရှိခြင်းဖြင့် ဌာနေတိုင်းရင်းသား ရပ်ရွာလူထုများ၏ အဓိကအခွင့်အရေးများကို ကာကွယ်ပေးနိုင်ရန်နှင့် ပြည်နယ်အားလုံးတွင် အခြားသောဥပဒေများကိုလမ်းညွှန်ပေးနိုင်မည့် အခြေခံအကာအကွယ်များကို သတ်မှတ်နိုင်ရန် အခွင့်အလမ်းတစ်ရပ် ဖြစ်နိုင်ပါသည်။

ပြည်နယ်တိုင်းသည် ၎င်းတို့ပြည်နယ်အခြေအနေနှင့် ကိုက်ညီသည့် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့် အသိအမှတ်ပြုခြင်းဆိုင်ရာဥပဒေများရေးဆွဲချမှတ်နိုင်သည်။ သို့သော် ထိုဥပဒေများအကြား သဟဇာတဖြစ်မှု အတိုင်းအတာတစ်ခုအထိရှိပါက ပို၍ကောင်းမွန်ပါသည်။ ရှုထောင့်များစွာမှ လေ့လာသုံးသပ်ချက်များအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်

နယ်များတွင် ဖြစ်ပေါ်သည့် ဓလေ့ထုံးတမ်းဆိုင်ရာပြဿနာရပ်များသည် တစ်နိုင်ငံလုံးအဆင့်တွင် ဖြစ်ပေါ်သည့်ပြဿနာများနှင့် အလားတူပင်ဖြစ်ပြီး အမျိုးပေါင်းစုံလင်လှသည့် ရပ်ရွာလူထုများ၏ အမျိုးမျိုးသော လိုလားချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

## ဓလေ့ထုံးတမ်းစီမံအုပ်ချုပ်မှုတွင် မည်သည့်အချိန်အခါ၌ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများက ပါဝင်ဆောင်ရွက်သင့်ပါသနည်း

ဓလေ့ထုံးတမ်းအခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ရပ်ရွာလူထု၏ ကိုယ်ပိုင်စီမံအုပ်ချုပ်မှုကို အသိအမှတ်ပြုခြင်းပင်ဖြစ်သည်။ သို့သော် နိုင်ငံတော်အစိုးရအာဏာပိုင်များ ဝင်ရောက်ဆောင်ရွက်သင့်သည့် အခြေအနေများလည်း ရှိပါသည်။ ထိုအခြေအနေများတွင် – ပြင်ပရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံဆောင်ရွက်ခြင်း၊ မြေသိမ်းဆည်းခံရခြင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုဖြစ်ပေါ်ခြင်း၊ စည်းမျဉ်းစည်းကမ်းများကို အများလိုက်နာအောင် ရပ်ရွာလူထုက မဆောင်ရွက်နိုင်ခြင်း သို့မဟုတ် အငြင်းပွားမှု/ပဋိပက္ခများကို မဖြေရှင်းနိုင်ခြင်း သို့မဟုတ် ကောင်းမွန်သည့်စီမံအုပ်ချုပ်မှုဆိုင်ရာစံနှုန်းများကို ထိထိရောက်ရောက် မလိုက်နာနိုင်ခြင်း စသည်တို့ ပါဝင်သည်။ ရပ်ရွာအတွင်း ပါဝါမညီမျှခြင်း၊ ရပ်ရွာအတွင်း အထက်တန်းလွှာများ/အသာစီးရနေသူများက ကိုယ်ကျိုးရှာခြင်း၊ အမျိုးသမီးများနှင့် ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ တန်းတူညီမှုမရှိသည့်အခွင့်အရေးများ စသည်တို့သည် ရပ်ရွာလူထုများအကြားအဖြစ်များသည့်ပြဿနာရပ်များ ဖြစ်ကြသည်။

သက်ဆိုင်ရာနိုင်ငံတော်အစိုးရအာဏာပိုင်များသည် အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ တည်ထောင်ခြင်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေခြင်း၊ အခွင့်အရေးအစုအစည်းများကို ကန့်သတ်ခြင်း၊ အထက်တွင်ဖော်ပြခဲ့သည့် ရပ်ရွာလူထုအတွက် ပဋိပက္ခဖြေရှင်းရေးနှင့် နစ်နာမှုတိုင်ကြားခြင်းလုပ်ငန်းစဉ်များ ထူထောင်ခြင်းတို့ဖြင့် ပြဿနာများကို ဖြေရှင်းနိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း ရပ်ရွာလူထု၏ ကိုယ်ပိုင်အုပ်ချုပ်မှုကို မထိခိုက်စေရအောင်၊ ပြုပြင်ပြောင်းလဲရေးကို အားပေးသော်လည်း အစိုးရအာဏာပိုင်များကိုယ်တိုင်ချမှတ်သည့် ပြုပြင်ပြောင်းလဲမှုမဖြစ်ရလေအောင် သတိကြီးစွာဖြင့် လက်တွေ့ကျကျဆောင်ရွက်ရမည် ဖြစ်ပါသည်။

## အောက်ခြေအဆင့်သို့ တာဝန်ခံမှုများ တိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရ၏ ဌာနများ/အဖွဲ့အစည်းများကို လေ့လာဆန်းစစ်ပြင်ဆင်ပါ

မြန်မာနိုင်ငံတွင် မြေယာစီမံအုပ်ချုပ်မှုသည် အခြေခံအားဖြင့် နိုင်ငံတော်၏အကျိုးစီးပွား (ပြည်တွင်းအခွန်ဘဏ္ဍာငွေရရှိရေး) သို့မဟုတ် နိုင်ငံတော်အစိုးရနှင့် ဆက်စပ်သူအာဏာရှိသူအသိုင်းအဝိုင်း၏ အကျိုးစီးပွားအတွက်သာ ဖြစ်နေသည်။ မြေစီမံခန့်ခွဲမှုသည် အထက်မှအောက်သို့ အဆင့်ဆင့်သွားသည့် စီမံခန့်ခွဲမှုပုံစံဖြစ်ပြီး ဒေသခံတို့၏ ဆောင်ရွက်ချက်များအတွက် အနည်းငယ်မျှသာ နေရာပေးထားသည်။ ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုများ အောင်မြင်နိုင်ရန်အတွက် စီမံအုပ်ချုပ်ရေးဆိုင်ရာယဉ်ကျေးမှုသည် ဝန်ဆောင်မှုကိုပိုမိုအလေးထားသော၊ ဒေသခံတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီပြီး တာဝန်ခံမှုရှိသော ယဉ်ကျေးမှုဖြစ်လာရန် လိုအပ်ပါသည်။ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရာတွင် ရပ်ရွာလူထု၏ ထိခိုက်နစ်နာမှုများကို ဖြေရှင်းပေးမည့် ကြီးကြပ်ကွပ်ကဲရေး ကော်မတီတစ်ခု ဖွဲ့စည်းခြင်းလည်း ပါဝင်သင့်ပါသည်။ အခြားနည်းလမ်းတစ်ရပ်အနေဖြင့် ဓလေ့ထုံးတမ်းကိစ္စရပ်များကိုသာ သီးသန့်ကိုင်တွယ်ဆောင်ရွက်မည့် နိုင်ငံတော်အစိုးရအဖွဲ့အစည်းအသစ်တစ်ခု ဖွဲ့စည်းပြီး မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးစုအသီးသီးထံမှကိုယ်စားလှယ်များကို ဝန်ထမ်းခန့်အပ်ကာ စီမန်ခန့်ခွဲမှုပုံစံအသစ်ကို အစပြုထူထောင်နိုင်ပါသည်။



မကွေးတိုင်းဒေသကြီး ဝေးလံခေါင်သီသော ကျေးရွာမှ အရှိုချင်းအမျိုးသမီးအဖွဲ့တစ်ဖွဲ့ လယ်ယာထွက်ကုန်များ သယ်ယူရောင်းချနေခြင်း (ဓာတ်ပုံ– CHRISTIAN ERNI)

## ရပ်ရွာများအတွင်းရှိ အစုအဖွဲ့များ၏အခွင့်အရေးများနှင့် အစုအဖွဲ့ပေါင်းစုံအသုံးပြုမှု အခွင့်အရေးများကို ကာကွယ်ပါ

ပိုကြီးမားသည့် ဓလေ့ထုံးတမ်းစီမံအုပ်ချုပ်ရေး အဖွဲ့အစည်းအောက်တွင် လူတစ်ဦးချင်းသာမက အမျိုးမျိုးသော အစုအဖွဲ့များ( ဥပမာ – မိသားစုဝင်များစွာရှိသည့်မိသားစုများ၊ ဘိုးစဉ်ဘောင်ဆက်မိသားစု အနွယ်ဝင်အုပ်စုများ) သည် အချို့သောမြေနှင့်သယံဇာတရင်းမြစ်များရှိရာမြေကွက်များအပေါ် မတူညီသည့်အခွင့်အရေးများ ပိုင်ဆိုင်နေနိုင်သည်။ ထိုအခွင့်အရေးများကို ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်အသိအမှတ်မပြုမီကတည်းကပင် ဥပဒေအရ ပိုင်ဆိုင်ထားသည်ဖြစ်စေ သို့မဟုတ် ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်ထားသည်ဖြစ်စေ လေးစားမှုရှိရမည် ဖြစ်ပါသည်။ ဓလေ့ထုံးတမ်းအရ တည်ရှိနှင့်ပြီးဖြစ်သည့် အခွင့်အရေးအစုအစည်းများကို ပိုမိုအားကောင်းစွာအကာအကွယ်ပေးမှု မရှိမဖြစ်လိုအပ်ပါက အဆိုပါအခွင့်အရေးများကို ဥပမာအားဖြင့် ရပ်ရွာနည်းဥပဒေများတွင် အသိအမှတ်ပြုပေးနိုင်သည် သို့မဟုတ် ရပ်ရွာပိုင်မြေနှင့် အခြားရင်းမြစ်များ မှတ်ပုံတင်ရာတွင် အဆိုပါအခွင့်အရေးများကိုလည်း မှတ်ပုံတင်နိုင်သည်။ ပြဋ္ဌာန်းဥပဒေအရ အခွင့်အရေးများအတွက်မူ ဥပဒေသည် ထိုမြေများအတွက် စီမံခန့်ခွဲပိုင်ခွင့်အာဏာကို ရပ်ရွာကိုပေးအပ်နိုင်ပြီး ထိုအာဏာအပ်နှင်းခံရသူများသည် ရပ်ရွာနည်းဥပဒေများ/စည်းကမ်းများအတိုင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။

ရင်းမြစ်များအား တစ်ခုထက်ပိုသည့် ရပ်ရွာလူထုကလက်လှမ်းမီအသုံးပြုနေခြင်းဖြစ်ပါက ဓလေ့ထုံးတမ်းနယ်မြေဧရိယာများသတ်မှတ်ရာတွင် အဆိုပါရပ်ရွာလူထုအသီးသီး၏အခွင့်အရေးများကို ထည့်သွင်းစဉ်းစားရန်ဖြစ်ပြီး သို့မှသာ အခြားရပ်ရွာလူထုအားဖယ်ချန်ခဲ့ခြင်း သို့မဟုတ် ပဋိပက္ခဖြစ်ပွားအောင် အစပြုမိခြင်းတို့မှ ရှောင်ကျဉ်နိုင်မည်ဖြစ်သည်။ ပူးတွဲအသုံးပြုဓလေ့ထုံးတမ်းဧရိယာများ သတ်မှတ်ခြင်းဖြင့် ထိုသို့ဆောင်ရွက်နိုင်ပါလိမ့်မည်။

## ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များကို အသိအမှတ်ပြုနေရာပေးနိုင်ရန်အတွက် မြေအမျိုးအစားခွဲခြားသတ်မှတ်မှုများကို လေ့လာဆန်းစစ်ပြင်ဆင်ပါ

လက်ရှိတည်ရှိနှင့်ပြီးဖြစ်သည့် မြေအမျိုးအစား ပိုင်းခြားသတ်မှတ်မှုသည် မြေယာစီမံခန့်ခွဲရေးကိုလည်း အသီးသီးပိုင်းခြားသတ်မှတ်မှုများဖြစ်ပေါ်စေပြီး ဓလေ့ထုံးတမ်းဧရိယာစီမံခန့်ခွဲမှုအတွက်သင့်လျော်မှုမရှိပါ။[၈] ရည်ရွယ်ချက်ပေါင်းစုံဖြင့် အသုံးပြုနေသည့်ဧရိယာများတွင် ဓလေ့ထုံးတမ်းအတွက် မြေအမျိုးအစားအသစ်တစ်ခု သတ်မှတ်သင့်ပြီး အဆိုပါမြေအမျိုးအစားအသစ် သတ်မှတ်ချက်သည် ရွှေ့ပြောင်းတောင်ယာမြေအပါအဝင် အခြားမြေအမျိုးအစားအားလုံးကို လွှမ်းခြုံမှုရှိသင့်ပါသည်။ ဓလေ့ထုံးတမ်းအတွက်သတ်မှတ်မြေဧရိယာများတွင် အခြားသော မြေအမျိုးအစားများနှင့်သက်ဆိုင်သည့် (လယ်ယာမြေ၊ သစ်တောမြေ၊ စားကျက်မြေ စသဖြင့်) နည်းဥပဒေ/ စည်းမျဉ်းစည်းကမ်းများ အကျုံးဝင်ခြင်းမရှိပါ သို့မဟုတ် သတ်မှတ်အခြေအနေအချို့တွင်သာ အကျုံးဝင်ခွင့် ရှိသင့်ပါသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းသတ်မှတ်ခြင်းနှင့် ထိုမြေများအပေါ် လုပ်ပိုင်ခွင့်များချထားပေးခြင်းသည် မြန်မာနိုင်ငံတွင် မြေ လက်လွတ်ဆုံးရှုံးရမှု၏ အဓိကအကြောင်းရင်းဖြစ်သည်။[၉] အမှန်တွင် "မြေလွတ်ဟူ၍ မရှိပါ"။[၁၀] ဓလေ့ထုံးတမ်းအခွင့်အရေးများကို ကာကွယ်နိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းစီမံခန့်ခွဲရေးဥပဒေ[၁၁]ကို တစ်ခါတည်း အပြီးဖျက်သိမ်းရန်လိုအပ်ပါသည်။

နိုင်ငံတော်ပိုင်သစ်တောမြေ သို့မဟုတ် သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်ခံထားရသည့် နယ်မြေဧရိယာများ အတွင်း၌လည်း ဓလေ့ထုံးတမ်းစီမံအုပ်ချုပ်ခွင့် အသိအမှတ်ပြုခံရသည့် ဧရိယာများ ပါရှိနေနိုင်သည်ဖြစ်ရာ ထိုမြေများအတွက် ပြန်လည်ဆွေးနွေးညှိနှိုင်းမှုများ ပြုသင့်ပါသည်။ နိုင်ငံတော်က နှစ်ရှည်လုပ်ပိုင်ခွင့် ချပေးလိုက်သည့်မြေများ – ဥပမာအားဖြင့် ကုမ္ပဏီများ နှစ်ရှည်ငှားရမ်း အသုံးပြုနေသည့်မြေများတွင်လည်း အလားတူဖြစ်ရပ်များ ပါဝင်နေနိုင်သည့်အတွက် ထိုမြေများအတွက် ပြန်လည်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သင့်ပါသည်။

## ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များမှတစ်ဆင့် စီးပွားရေးအကျိုးအမြတ်များ ရရှိစေရပါမည်

ဓလေ့ထုံးတမ်းဧရိယာများစွာတွင် တောင်သူများသည် ၎င်းတို့၏ ဓလေ့ထုံးတမ်းအခွင့်အရေးများ ခိုင်မာလာစေလိုရုံသာမကဘဲ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများနှင့် စီးပွားရေးအခွင့်အလမ်းများကိုလည်း ဆက်လက်ထိန်းသိမ်း ချဲ့ထွင်လိုကြပေသည်။ မြေများကို အကျိုးရှိထိရောက်စွာ အသုံးပြုရန်နှင့် စီမံခန့်ခွဲနိုင်ရန်အတွက် အသိအမှတ်ပြုသင့်သည့် အခွင့်အရေးများတွင် အောက်ပါတို့လည်း ပါဝင်သည် –

- ကြီးလေးသည့် ရုံး/ဌာနဆိုင်ရာ လိုအပ်ချက်များမရှိဘဲ သီးနှံရိတ်သိမ်းခွင့်၊ လိုအပ်သည့်အတိုင်း ထုတ်ကုန်အဆင့်ဆင့် ထုတ်လုပ်နိုင်ခွင့်နှင့် အဖိုးတန်ထုတ်ကုန်များကို ကူးသန်းရောင်းဝယ်ခွင့်
- နိုင်ငံတော်မှ မြေသိမ်းယူခဲ့သည်ရှိသော် နစ်နာကြေးရရှိခွင့်

၈ For more information about land categories in Myanmar see Leckie & Simperingham (2009) and UNHabitat (2010).

၉ San Thein et al. (2018, p.3–4) and Allaverdian (2019).

၁၀ pringate-Baginski (2019).

၁၁ Republic of the Union of Myanmar (2012 and 2018).

- ရင်းနှီးမြှုပ်နှံသူများနှင့် စာချုပ်ချုပ်ဆိုနိုင်ခွင့် (ဥပမာ – ယိုယွင်းပျက်စီးလာနေသည့်ဧရိယာများတွင် သစ်တောပြန်လည်ဖုံးလွှမ်းရေးအတွက် ရေရှည်တည်တံ့သည့်စိုက်ခင်းများ တည်ထောင်ရန်) နှင့် သင့်လျော်သည့်အကာအကွယ်ပေးမှု ရရှိခွင့်
- တန်ဖိုးထားထိန်းသိမ်းထားသည့်ဧရိယာများထံမှ ရရှိသည့် အကျိုးကျေးဇူးများကို ခံစားပိုင်ခွင့် (ဥပမာ – ရေဝေရေလဲဒေသများကာကွယ်ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းခြင်း၊ REDD+ နှင့် အခြားသောကာကွယ်ထိန်းသိမ်းခြင်းအစီအစဉ်များ)

ယေဘုယျအားဖြင့်ဆိုရပါလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းခွင့် သို့မဟုတ် အခွင့်အရေးများကို လွှဲပြောင်းအသုံးပြုခွင့် မပေးထားသဖြင့် စုပေါင်းမြေအခွင့်အရေး အသိအမှတ်ပြုလက်မှတ်များကို တစ်စုံတစ်ခုအတွက် အာမခံအဖြစ် အသုံးပြု၍မရနိုင်ပါ။ တောင်သူအစုအဖွဲ့များအတွက် စုပေါင်းမြေအခွင့်အရေး အသိအမှတ်ပြုလက်မှတ်များကို အခြေပြု၍ ချေးငွေရရှိနိုင်စေရန် သို့မဟုတ် တစ်ဦးချင်း၏ဓလေ့ထုံးတမ်းအသိအမှတ်ပြုလက်မှတ်များကို အာမခံအဖြစ် အသုံးပြုနိုင်ရန် ဥပဒေကို ပြုပြင်ပြောင်းလဲနိုင်ပါသည်။

## လူနည်းစုများ၊ နေရပ်စွန့်ခွာရသူများနှင့် ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ အခွင့်အရေးများကိုကာကွယ်ပါ

ကျေးရွာအများစုသည် လူမျိုးစုတစ်မျိုးတည်းသာရှိသည့် ကျေးရွာများမဟုတ်ကြဘဲ မတူညီသည့် ဝိသေသလက္ခဏာများ ပိုင်ဆိုင်ကြသူ လူမျိုးစုများစွာက အတူတကွယှဉ်တွဲနေထိုင်ကြသည့် ကျေးရွာများဖြစ်ကြသည်။ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များ အသိအမှတ်ပြုရာတွင် အောက်ဖော်ပြပါလူအုပ်စုများ၏ တရားဝင်အခွင့်အရေးများ (သို့မဟုတ် အများအသိအမှတ်ပြုထားသည့် အခွင့်အရေးများ)ကို မထိခိုက်စေရပါ – ပိုမိုကြီးမားသည့်တိုင်းရင်းသား လူမျိုးစုအုပ်စုအတွင်းရှိနေသည့် လူနည်းစုတိုင်းရင်းသားများ၊ အမြဲတမ်းအခြေချနေထိုင်သူများ၊ လက်ခံပေးသည့် ရပ်ရွာများတွင်လာရောက်နေထိုင်ရသူ ရွှေ့ပြောင်းသွားလာနေထိုင်သူများနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ(IDPs)နှင့် IDPs များ၏ မူလဇစ်မြစ်ဒေသများ။ အဆိုပါလူအုပ်စုများ၏ အခွင့်အရေးများကို ကာကွယ်နိုင်သည့် နည်းလမ်းများတွင် – ဥပမာအားဖြင့် ဒေသတွင်းစီမံခန့်ခွဲရေးအဖွဲ့များတွင် ၎င်းတို့ကိုယ်စားပြု ပါဝင်နိုင်ခြင်း၊ လိုအပ်ချက်နှင့်အညီ သမားရိုးကျမဟုတ်ဘဲ ထူးကဲသည့်ဓလေ့ထုံးတမ်းဇုန်များ ဖန်တီးခြင်း သို့မဟုတ် အချို့မြေများအား ဓလေ့ထုံးတမ်းစီမံခန့်ခွဲမှုအောက်မှ ဖယ်ထုတ်ပေးခြင်းနှင့် အထက်ဖော်ပြပါလူအုပ်စုများအတွက် နစ်နာမှုတိုင်ကြားခြင်းလုပ်ငန်းစဉ်တစ်ခု ထူထောင်ပေးခြင်းတို့လည်း အပါအဝင် ဖြစ်ပါသည်။ IDPs များသည် ၎င်းတို့၏ မူလဇစ်မြစ်ဒေသတွင် ၎င်းတို့ မူလကတည်းက ပိုင်ဆိုင်ခဲ့သည့်မြေများ (ဓလေ့ထုံးတမ်းစနစ်အောက်ကျရောက်သွားသည့်မြေများ အပါအဝင်)အား ပြန်လည်ရရှိပိုင်ခွင့်ရှိသင့်ပါသည်။[၁၂]

## ဥပဒေဆိုင်ရာရင်းမြစ်များနှင့် အမှီအခိုကင်းလွတ်လပ်သည့် နစ်နာမှုတိုင်ကြားခြင်းနှင့် ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းစဉ်များ ထူထောင်ပါ

ရပ်ရွာလူထုသည် ၎င်းတို့အခွင့်အရေးများချိုးဖောက်ခံရပါက သို့မဟုတ် အငြင်းပွားမှုများဖြစ်ပေါ်ပါက ထိုအခွင့်အရေးများအတွက် ခုခံကာကွယ်ရန် ရှင်းလင်းသည့်လုပ်ငန်းစဉ်တစ်ခုရှိမှသာ ဓလေ့ထုံးတမ်းအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းသည် အကျိုးရှိထိရောက်မည်ဖြစ်ပါသည်။ ရပ်ရွာလူထုအတွက် ထိရောက်သည့် နစ်နာမှုတိုင်ကြားခြင်းလုပ်ငန်းစဉ်တစ်ခု ရှိရန်လိုအပ်ပြီး ဒေသတွင်းစီမံအုပ်ချုပ်သည့်အဖွဲ့အစည်းများသည် ကောင်းမွန်သည့်စီမံအုပ်ချုပ်မှုအခြေခံမူများ – အထူးသဖြင့် ပွင့်လင်းမြင်သာမှု၊ ခွဲခြားဆက်ဆံခြင်းကင်းမှု၊ သာတူညီမျှရှိမှုနှင့် ကျား/မတန်းတူမှုတို့ကို လိုက်နာရမည်ဖြစ်သည်။

ရပ်ရွာလူထုများသည် အစိုးရတရားရုံးများသို့ လက်လှမ်းမီနိုင်မှုနည်းပါးသည့်အတွက် တရားရုံးပြင်ပ ကုန်ကျစရိတ်နည်းသော၊ ဒေသတွင်းဖြစ်သော၊ တရားဝင်မှုရှိသော/အများလက်ခံသော၊ လွယ်ကူစွာလက်လှမ်းမီနိုင်သော ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းစဉ်များ ထူထောင်ရန် ဦးစားပေးစဉ်းစားသင့်သည်။ အဆိုပါလုပ်ငန်းစဉ်များကို ရပ်ရွာအဆင့်တွင် ထူထောင်နိုင်ပြီး အကယ်၍ ရပ်ရွာအဆင့်စီမံအုပ်ချုပ်သည့်အဖွဲ့အစည်းကပါ အငြင်းပွားမှုတွင် ပါဝင်နေပါလျှင် ဖြေရှင်းရေးလုပ်ငန်းစဉ်များကို ထို့ထက်မြင့်သည့်အဆင့်တွင် ထားရှိနိုင်သည်။ ရှုပ်ထွေးမှုအမြင့်မားဆုံးသော ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အနီးစပ်ဆုံးတွင်ရှိသည့် တရားရုံးများနှင့် တရားသူကြီးများသည်လည်း အရေးပါသည့်အနေအထားတွင် ဆက်လက်ရှိနေပါသည်။ ဓလေ့ထုံးတမ်းကာကွယ်ရေး မည်သည့် ဥပဒေတွင်မဆို တရားရုံးပြင်ပဆုံးဖြတ်ချက်များ၏ တရားဝင်ဖြစ်မှုကို ရှင်းလင်းစွာ ပြဋ္ဌာန်းဖော်ပြရပါမည်။

ထို့အပြင် ရပ်ရွာလူထုကို အုပ်ချုပ်ရေးအဖွဲ့များ၏ တစ်ဖက်သတ်ဆုံးဖြတ်မှုများနှင့် မလိုလားအပ်သည့်ဌာနဆိုင်ရာ လိုအပ်ချက်ဝန်ထုပ်ဝန်ပိုးများမှလည်း ကာကွယ်ပေးရပါမည်။ အစိုးရဆုံးဖြတ်ချက်များသည် ပွင့်လင်းမြင်သာသည့် စံနှုန်းများအပေါ်အခြေပြု၍ ချမှတ်ရမည်ဖြစ်ပြီး အကယ်၍ ရပ်ရွာလူထုသည် ထိုဆုံးဖြတ်ချက်များအားကန့်ကွက်လိုပါက တရားရုံးတွင်ဖြစ်စေ သို့မဟုတ် အမှီအခိုကင်းလွတ်လပ်သည့် လုပ်ငန်းစဉ်မှတစ်ဆင့်ဖြစ်စေ ကန့်ကွက်နိုင်ခွင့်ရှိရပါမည်။

၁၂ Republic of the Union of M

# နိဂုံး

ဤအစီရင်ခံစာတွင် ဓလေ့ထုံးတမ်းအခွင့်အရေးများကို ဥပဒေအရ အသိအမှတ်ပြုရေး နည်းလမ်း ၆ သွယ်ကို အကြံပြုဆွေးနွေးထားပါသည်။ နည်းလမ်းတစ်ခုနှင့်တစ်ခု ရှုပ်ထွေးနက်နဲမှုအဆင့် မတူသကဲ့သို့ပင် အခွင့်အရေးများကို အကာအကွယ်ပေးနိုင်သည့်အတိုင်းအတာလည်း ကွဲပြားပါသည်။ ထို့အပြင် နည်းလမ်းတစ်ခုစီတိုင်း၏ ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုတွင် နိုင်ငံတော်အစိုးရ၏ ပါဝင်ထိန်းချုပ်မှုနှင့် ဒေသခံအာဏာအပ်နှင်းခံရသူများ၏ ပါဝင်ဆောင်ရွက်မှုလည်း ကွဲပြားမည်ဖြစ်သည်။ ဓလေ့ထုံးတမ်းအခွင့်အရေးများကို ဥပဒေအရ အသိအမှတ်ပြုရေး ဤနည်းလမ်း ၆ သွယ်သာရှိသည်ဟု မဆိုလိုပါ။ မတူညီသည့် အခင်းအကျင်းများအတွက် သင့်လျော်သည့် မတူညီသည့်လုပ်ငန်းစဉ်များရှိမည်ဖြစ်ပြီး ဒေသခံရပ်ရွာလူထုအတွက် မြေပြင်ပကတိအရှိတရားနှင့်ကိုက်ညီအောင် ဖော်ဆောင်သင့်ပါသည်။

## ဌာနေတိုင်းရင်းသားများ၏ လိုလားချက်ဖြစ်သည့် ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းလိုမှုကို ထည့်သွင်းစဉ်းစားပါ

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်းများစွာ နေထိုင်ကြပြီး ၎င်းတို့မြေများ၊ နယ်နိမိတ်များနှင့် သယံဇာတရင်းမြစ်များအတွက် ရှေးယခင်ကပင် အခွင့်အရေးများ ပိုင်ဆိုင်ခဲ့ကြသူများဖြစ်သည်။ အများစုသည် ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်ရရန် ဆယ်နှစ်များစွာကြာသည့်တိုင်အောင် တိုက်ပွဲဝင်နေကြသည်။ ဓလေ့ထုံးတမ်းအခွင့်အရေးဆိုင်ရာဥပဒေသည် ဤသို့သယံဇာတရင်းမြစ်များအပေါ် ကိုယ်ပိုင် ပိုမိုစီမံအုပ်ချုပ်ခွင့်နှင့် ပိုင်ဆိုင်ခွင့် လိုလားနေကြသည့် တိုင်းရင်းသားလူမျိုးစုများ၏ လိုလားချက်များကို ထည့်သွင်းစဉ်းစားတုံ့ပြန်နိုင်ရန် ရည်ရွယ်သင့်ပါ သည်။



ပဲခူးရိုးမရှိ ရွှေတောင်ငွေတောင်ကျေးရွာရှိ စကော ကရင်ဒေသခံများ တောင်ယာစပါးစိုက်ပျိုးနေခြင်း။
တောင်ယာစိုက်ပျိုးရေး၏ အဆင့်ဆင့်တွင် လုပ်သားလဲလှယ်မှုကို ပုံမှန်ကျင့်သုံးဆဲဖြစ်သည်။ (ဓာတ်ပုံ- CHRISTIAN ERNI)

## နည်းလမ်းများကို မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာတာဝန်များ၊ အပြည်ပြည်ဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်များနှင့် ချိန်ထိုးစဉ်းစားပါ

ဓလေ့ထုံးတမ်းအခွင့်အရေးများဆိုင်ရာ မည်သည့်ဥပဒေကို ချမှတ်သည်ဖြစ်စေ ၎င်းသည် သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် ကိုက်ညီမှုရှိရပါမည်။ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းအခွင့်အရေးများ တောင်းဆိုမှုကို UNDRIP နှင့် ILO သဘောတူညီချက် 169[၁၃] အပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေများက ထောက်ခံဝန်းရံလျက်ရှိသည်ဟု အသိအမှတ်ပြုခြင်းသည်လည်း အရေးကြီးပေသည်။

## ရပ်ရွာလူထု၏ FPIC ခိုင်မာမှုရှိပါစေ

ဥပဒေအရ တရားဝင်မှုဖော်ဆောင်ခြင်းသည် ဓလေ့ထုံးတမ်းစနစ်များ၏ သဘောသဘာဝကို ပြောင်းလဲသွားစေနိုင်မှုရှိသည့်အတွက် မူလနည်းစနစ်၏ အနှစ်သာရအချို့ (ဥပမာအားဖြင့် လိုက်လျောညီထွေဖြစ်မှု)သည် လုပ်ငန်းစဉ်တွင် ပျောက်ဆုံးသွားနိုင်သည်။ အဓိက အခြေခံမူတစ်ခုမှာ နိုင်ငံတော်အစိုးရ၏ ပါဝင်ဆောင်ရွက်မှုကို ဖြစ်နိုင်သရွေ့ အနည်းဆုံးသာပါဝင်စေရန်ဖြစ်သော်လည်း တစ်ပြိုင်နက်တည်းတွင် အားလုံးအတွက် ဓလေ့ထုံးတမ်းခိုင်မာမှု၊ ကောင်းမွန်သည့်စီမံအုပ်ချုပ်မှုနှင့် လူမှုတရားမျှတမှု ရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၏ ပါဝင်ဆောင်ရွက်မှု လိုအပ်သင့်သလောက် လိုအပ်နေမည်ဖြစ်သည်။

အချို့ရပ်ရွာလူထုသည် ပြဋ္ဌာန်းဥပဒေပါအခွင့်အရေးများကိုသာ လက်လှမ်းမှီလိုကြပြီး အချို့မှာမူ ဥပဒေအရ တရားဝင်မှုဖော်ဆောင်ခြင်းလုပ်ငန်းစဉ်နှင့်မဟုတ်ဘဲ ၎င်းတို့၏ ဓလေ့ထုံးတမ်းစနစ်ကိုသာ ဆက်လက်သယ်ဆောင်သွားလိုကြသည်။ ထို့ကြောင့် FPIC ကို အကောင်အထည်ဖော်သင့်ပြီး ရပ်ရွာလူထုအနေဖြင့် ဥပဒေအရ လုပ်ငန်းစဉ်ကို လိုက်နာလိုသည် သို့မဟုတ် မည်သည့်ဥပဒေ လုပ်ငန်းစဉ်ကိုမျှ မလိုက်နာလိုဟု ဆုံးဖြတ်ပိုင်ခွင့် ရှိသင့်ပါသည်။

## အများပြည်သူကျယ်ကျယ်ပြန့်ပြန့် ထောက်ခံလာမှုဖြစ်ပေါ်စေပြီး ဓလေ့ထုံးတမ်းနှင့်ပတ်သက်သည့် ခံယူချက်များကို ပြောင်းလဲပါ

နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုချည်းသက်သက်ဖြင့် ဓလေ့ထုံးတမ်းအသိအမှတ်ပြုရေးဥပဒေဆိုင်ရာလုပ်ငန်းစဉ် ထွက်ပေါ်လာနိုင်မည်မဟုတ်ပါ။ ဓလေ့ထုံးတမ်းစနစ်သည် ခေတ်နောက်ကျပြီး ထိရောက်မှုမရှိသည့် အလေ့အကျင့်များသာဖြစ်သည်ဟူသော အများစု၏ခံယူချက်ကြောင့် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှု မြှင့်တင်ဆောင်ရွက်ရန် ပြင်းထန်သောအတားအဆီးတစ်ခု ဖြစ်နေသည်။ အများပြည်သူအနေဖြင့် ဓလေ့ထုံးတမ်းအလေ့အကျင့်၏ ပကတိအမှန်တရားကို သိရှိနားလည်ရန်လိုအပ်သည် – ဓလေ့ထုံးတမ်းအလေ့အကျင့်များသည် ကိန်းသေအဖြစ် ရပ်တန့်နေခြင်းမဟုတ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆန့်ကျင်နေသည့်အလေ့အကျင့်များ မဟုတ်ကြောင်း၊ ပိုမို ရေရှည်တည်တံ့ပြီး သာတူညီမျှရှိသည့် ဖွံ့ဖြိုးတိုးတက်မှုများဆီသို့ နည်းလမ်းတစ်ခုဖြစ်ကြောင်း သိရှိနားလည်လာရန် လိုအပ်ပါသည်။

## နိုင်ငံရေးမတည်ငြိမ်သည့်အခြေအနေတွင် ရှေ့ဆက်သွားရန်

မြန်မာနိုင်ငံ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်အသိအမှတ်ပြုရေး Alliance အဖွဲ့ဝင်များသည် မူဝါဒအရသာမက လက်တွေ့တွင် ဓလေ့ထုံးတမ်းအသိအမှတ်ပြုရေးနှင့် အကာအကွယ်ပေးနိုင်ရေး မည်သို့အောင်မြင်စွာ ဆောင်ရွက်နိုင်မည်နည်းဟု ပြန်လည်သုံးသပ်ဆွေးနွေးရန် စိတ်အားထက်သန်လျက်ရှိပါသည်။ လာမည့်နှစ်များတွင် မြန်မာပြည်သူပြည်သားများသည် တိုင်းသူပြည်သားများနှင့် ၎င်းတို့မြေများ၏ အနာဂတ်အတွက် အများပါဝင်သည့် ဆွေးနွေးမှုတစ်ရပ်ကို ဖော်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။


ကယားပြည်နယ်ရှိ ဓလေ့ထုံးတမ်းများကို ဆွေးနွေးနေကြသော ဒေါ်ဝီးကူး ရွာသားများ (ဓာတ်ပုံ– အယ်လီနား၊ KMSS)

၁၃ Myanmar has not yet ratified Convention 169 (ILO, 1989).

## Bibliography

Allaverdian, C. (2019). *Myanmar: Millions of farmers are at risk of being considered trespassers on their own lands.* Myanmar Land and Livelihoods Policy Brief #1. GRET. Retrieved from https://www.gret.org/publication/myanmar-millions-of-farmers-are-at-risk-of-being-considered-trespassers-on-their-own-lands.

Borrini-Feyerabend, G., Farvar, M. T., Nguinguiri, J.C., & Ndangang, V. A. (2007). *Co-management of natural resources: Organising, negotiating and learning-by-doing.* Heidelberg: German Corporation for International Cooperation GmbH & International Union for Conservation of Nature, Kasparek Verlag [reprint, first publication in 2000].

Boutry, M., Allaverdian C., Mellac M., Huard S., San Thein, Tin Myo Win, & Khin Pyae Sone. (2017). *Land tenure in rural lowland Myanmar: From historical perspectives to contemporary realities in the dry zone and the delta.* Of Lives and Land Myanmar research series. Yangon: GRET.

Erni, C. (2021). *Persistence and change in customary tenure systems in Myanmar.* Thematic Study #11. Yangon: Promotion of Indigenous and Nature Together & Mekong Region Land Governance.

Fitzpatrick, D. (2005). 'Best practice' options for the legal recognition of customary tenure. *Development and Change, 36*(3).

International Labour Organization (1989). *Indigenous and Tribal Peoples Convention 1989 (No. 169).* Geneva: International Labour Organization.

Leckie, S., & Simperingham E. (2009). *Housing, land and property rights in Burma: The current legal framework.* Geneva: Displacement Solutions and The HLP Institute.

Oxfam. (2018). *Displaced and dispossessed: Conflict-affected communities and their land of origin in Kachin State, Myanmar.* Oxford: Oxfam GB for Kachin Baptist Convention, Metta Development Foundation, Naushawng Development Institute, Nyein Foundation, Oxfam International and Trócaire.

Republic of the Union of Myanmar. (2012). *Vacant, Fallow and Virgin Land Management Law.*

Republic of the Union of Myanmar. (2016). *National Land Use Policy.*

Republic of the Union of Myanmar. (2018). *Law amending the Vacant, Fallow and Virgin Land Management Law.*

San Thein, Diepart, J.-C., Hlwan Moe, & Allaverdian C. (2018). *Large-scale land acquisitions for agricultural development in Myanmar: A review of past and current processes.* Brief #9. Vientiane: Mekong Region Land Governance.

Springate-Baginski, O. (2019). *'There is no vacant land': A primer on defending Myanmar's customary tenure systems.* Yangon/Amsterdam: Transnational Institute.

United Nations Human Settlements Programme. (2010). *Guidance Note on Land Issues: Myanmar.* Yangon: UNHabitat, United Nations High Commissioner for Refugees.

Wily, L.A. (2012). *The status of customary land rights in Africa today.* Brief No. 4. Rights and Resources Initiative.

မြန်မာနိုင်ငံရှိအရပ်ဖက်အဖွဲ့အစည်းများ၊ မူဝါဒရေးဆွဲချမှတ်သူများနှင့်အခြားသော အပြောင်းအလဲဖော်ဆောင်လိုသူများအား ဓလေ့ထုံးတမ်းအသိအမှတ်ပြုရေးဆွေးနွေးစဉ် မေးခွန်းထုတ်ရမည့် အဓိကမေးခွန်းများကို ဖော်ထုတ်နိုင်ရန်အတွက် ဤလေ့လာဆန်းစစ်မှုက အကူအညီပေးရန် ရည်ရွယ်သည်။ အမျိုးမျိုးကွဲပြားစုံလင်လှသည့် ဓလေ့ထုံးတမ်းစနစ်များ၏ သဘောသဘာဝကြောင့် နေရာအားလုံးတွင် နည်းလမ်းတစ်ခုတည်းကိုသာ ပုံသေသတ်မှတ်အသုံးပြုရန်မှာ လက်တွေ့ကျသည့်အဖြေမဟုတ်ပါ။ ထို့ကြောင့် ဥပဒေနည်းကျ ဓလေ့ထုံးတမ်းအသိအမှတ်ပြုရေးအတွက် နည်းလမ်း ၆ ခုကို အကြံပြုတင်ပြထားပါသည်။ နည်းလမ်းတစ်ခုနှင့်တစ်ခု ရှုပ်ထွေးနက်နဲမှုအဆင့်၊ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်မှုအတိုင်းအတာ၊ နိုင်ငံတော်အစိုးရ၏ ပါဝင်ထိန်းချုပ်နိုင်မှု သို့မဟုတ် ဒေသတွင်းစီမံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ထိန်းချုပ်ဆောင်ရွက်နိုင်မှု မတူညီနိုင်ပါ။ ကောင်းမွန်သည့်ဥပဒေမူဘောင်များ မရှိမဖြစ်လိုအပ်ပါသော်လည်း ဓလေ့ထုံးတမ်းအခွင့်အရေးများကို ထိရောက်စွာအကာအကွယ်ပေးနိုင်ရန်အတွက်မူ မည်သည့်အခါတွင်မျှ လုံလောက်သည်ဟူ၍မရှိပါ။ အကြံပြုနည်းလမ်း ၆ သွယ်ကို အကောင်အထည်ဖော်ရာတွင် လွှမ်းမိုးမှုရှိနိုင်သည့်နယ်ပယ်တိုင်းတွင် ပါဝင်နေသည့်ကိစ္စရပ်များကိုလည်း ဆွေးနွေးထားပြီး လက်တွေ့ကျသည့် အကြံပြုချက်များလည်းပါဝင်သည်။

မြန်မာနိုင်ငံ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့် အသိအမှတ်ပြုရေး Alliance အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်ဆွေးနွေးချက်များဖြင့် ဤလေ့လာဆန်းစစ်မှုကို အကျယ်တဝင့်ဖော်ပြထားခြင်းဖြစ်ပါသည် –

Promotion of Indigenous and Nature Together (POINT) – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့(ပွိုင့်)သည် ဌာနေတိုင်းရင်းသားအခွင့်အရေးများမြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များဆိုင်ရာ အသိအမြင် ပွင့်လန်းတိုးတက်လာစေရေးအတွက် ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မြန်မာအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ပွိုင့်သည် ဖွံ့ဖြိုးတိုးတက်မှုနှင့် သယံဇာတရင်းမြစ်များစီမံခန့်ခွဲရေးဆီသို့ အခွင့်အရေးအခြေပြု ချဉ်းကပ်မှုဖြင့် ဌာနေတိုင်းရင်းသားလူထုများနှင့် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

အသေးစိတ်ကို ဤတွင်ဖတ်ရှုနိုင်ပါသည် –

**www.pointmyanmar.org**

The Mekong Region Land Governance Project (MRLG) – မဲခေါင်ဒေသမြေယာအုပ်ချုပ်မှုစီမံကိန်းသည် ဆွစ်ဇာလန်နိုင်ငံအစိုးရ၏စီမံကိန်းတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွစ်စ်အေဂျင်စီ(SDC)မှတစ်ဆင့် အကောင်အထည်ဖော်ခြင်းဖြစ်ကာ ဂျာမနီနိုင်ငံအစိုးရနှင့် လူဇင်ဘတ်နိုင်ငံအစိုးရတို့ကလည်း ရန်ပုံငွေ ပူးပေါင်းပံ့ပိုးပေးထားသည်။

အသေးစိတ်ကို ဤတွင်ဖတ်ရှုနိုင်ပါသည် –

**www.mrlg.org**

Mekong Region Land Governance
Unit 11, House No. 262, Ban Saphanthong Kang, Sistattanak District, Vientiane Capital, Lao PDR
PO Box 2973, Vientiane Lao PDR 01000, Phone: +856 21 454 807, Email: info@mrlg.org

Funded by:

Implemented by:

Supported by: